# မြဝတီ နေ့စဉ်

ရောင်စုံကဏ္ဍစုံလင် ဦးစွာဖြန့်ချိ မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၃၆)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**လွတ်လပ်၍ တရားမျှတသော**
**ရွေးကောက်ပွဲမှသည် အနာဂတ်နိုင်ငံတော်သစ်ဆီသို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေလျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်

**အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့်** Video Message

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်)



အားလုံး မင်္ဂလာပါ။

ယနေ့ ဒီဇင်ဘာလ(၉)ရက်နေ့မှာကျရောက်တဲ့ အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အခမ်းအနားကိုတက်ရောက်လာကြတဲ့ ပြည်ထောင်စုအဆင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းဒေသကြီးနဲ့ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ အထူးဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အဂတိလိုက်စားမှုပြဿနာဟာ ကြီးမားတဲ့အဟန့်အတားဖြစ်ပါတယ်။ မိမိတို့အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကိုအလေးထားပြီး စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကိုတည်ဆောက်ရာမှာ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှု၊ ဖြောင့်မတ်တည်ကြည်မှု၊ မျှတမှု၊ တရားဥပဒေစိုးမိုးမှုစတဲ့ကောင်းမြတ်တဲ့အလေ့အထတွေ **စာမျက်နှာ ၁၆ ကော်လံ ၁** ☆

**ဆောင်းပါး**

## ကျွန်ုပ်တို့ နေ့စဉ်မရှိမဖြစ်လိုအပ်သောအရာ
စာ - ၁၃ သို့

## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ လာရောက်လေ့လာ
စာ - ၁၆ သို့




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်)

# နိုင်ငံ့အကျိုးအတွက် အကောင်းဆုံးရွေးချယ်မှု

မြန်မာနိုင်ငံ၏ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲပထမပိုင်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်သည်။ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်မှုများကိုလည်း တစ်ဆင့်ပြီးတစ်ဆင့်ဆောင်ရွက်လျက်ရှိပြီး ပြိုင်ပွဲဝင်မည့်ပါတီများ၏ ပြည်သူသို့ စည်းရုံးဟောပြောချက်များကို နေ့စဉ်သတင်းမီဒီယာများတွင် ဖော်ပြပေးလျက်ရှိသည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံးဆန္ဒမဲပေးနိုင်ရေး နိုင်ငံတော်ကကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲကိုအပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲ ပထမပိုင်းပြုလုပ်ပြီး ၂ ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်သွားမည်ဖြစ်သည်။ ဒုတိယပိုင်းကျင်းပပြီး ၂ ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမပြုလုပ်နိုင်သည့် မြို့နယ်များကိုလည်း ကျင်းပနိုင်သည့်အချိန်တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ရွေးကောက်ပွဲကာလနီးကပ်လာသည်နှင့်အမျှ နိုင်ငံတည်ငြိမ်အေးချမ်းမှုရှိရန်လည်း အဓိကကျလှသည်။ နိုင်ငံတော်အစိုးရက နိုင်ငံရေးတည်ငြိမ်ရေးနှင့် ရွေးကောက်ပွဲများစနစ်တကျအောင်မြင်အောင်ကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူများအနေဖြင့်လည်း တိုင်းပြည်၏အလှည့်အပြောင်းဟုဆိုရမည့် ရွေးကောက်ပွဲများအောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်အဖြစ်ပါဝင်ကူညီကြရမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပခြင်းမှာ နိုင်ငံအတွက်ကောင်းကျိုးများသည့်ကိစ္စရပ်သာဖြစ်သည်။ ပြည်သူတို့၏ဆန္ဒကို အကောင်အထည်ဖော်ခြင်းဖြစ်၍ နိုင်ငံသားအချင်းချင်း စည်းလုံးညီညွတ်မှု၊ စိတ်ရှည်သည်းခံမှုနှင့် ပိုမိုကောင်းမွန်သည့်အနာဂတ်ကို မြော်တွေးကြိုးပမ်းကြရမည်ဖြစ်သည်။

ရွေးကောက်ပွဲကျင်းပခြင်းသည် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းတွင် ပြန်လည်လျှောက်လှမ်းနိုင်ရန်အတွက်ကျင်းပခြင်းဖြစ်သည်။ အနာဂတ်တွင် မြန်မာနိုင်ငံသည် ပိုမို၍ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ်ရှိနေစေရန်အတွက်ဆိုလျှင် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄ တွင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌တည်သည်" ဟူ၍ အတိအလင်းပြဋ္ဌာန်းထားပေရာ ပြည်သူလူထုအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များအား မဲပေးရွေးချယ်ခြင်းမှာ နိုင်ငံတော်ကိုအကောင်းဆုံးစီမံဆောင်ရွက်ရန် အာဏာအပ်နှင်းခြင်းဖြစ်သည်။

လွှတ်တော်ကိုယ်စားလှယ်လောင်းသည် ကာယစွမ်းအား၊ ဉာဏစွမ်းအားတို့ရှိရမည်။ လက်ရုံးရည်နှင့် နှလုံးရည်ပြည့်ဝခြင်းကိုဆိုလိုသည်။ ထို့အတူ အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။ အကျင့်စာရိတ္တကောင်းမွန်ပြီး ကိုယ်ကျင့်တရားကိုတန်ဖိုးထားပါမှ အဂတိလိုက်စားမှုကင်းရှင်းမည်။ အဂတိဆိုသည့်အရာမှာ ငွေကြေးတစ်ခုတည်းကိုသာဆိုလိုခြင်းမဟုတ်ပေ။ နိုင်ငံနှင့်ပြည်သူအတွက် လုပ်သင့်လုပ်ထိုက်သည်ကိုမလုပ်ဘဲနေခြင်းနှင့် မလုပ်သင့်မလုပ်ထိုက်သည်ကိုလုပ်ဆောင်ခြင်းမှာလည်းအဂတိပင်ဖြစ်သည်။ မိတ္တစွမ်းအားဟူသောပြည်သူလူထုနှင့် ဆက်ဆံရေးပြေပြစ်သူဖြစ်ရမည်။ ဘောဂစွမ်းအားဟူသော နိုင်ငံဖွံ့ဖြိုးရေးအတွက် စီးပွားရေးအမြင်ရှင်သန်သူဖြစ်ရမည်။ ထို့အတူ လွှတ်တော်ကိုယ်စားလှယ်လောင်းတိုင်းတွင် နိုင်ငံတော်ကိုချစ်မြတ်နိုးစိတ်၊ တပ်မတော်အပေါ် ယုံကြည်နားလည်သော စိတ်ရှိနေရမည်ဖြစ်သည်။

စည်းလုံးညီညွတ်ခြင်းမှာ အရာရာကိုအောင်မြင်ခြင်းဖြစ်၍ စစ်ဘက်အရပ်ဘက်သည်စိတ်တူကိုယ်တူ နိုင်ငံ့ကောင်းကျိုးသယ်ပိုးနိုင်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်တွင်အဓိကတာဝန်ရှိသည်ကိုလည်းကောင်း၊ တပ်မတော်သည်နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်ကိုလည်းကောင်း သိရှိကြရမည်ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၂၀၁ ဖြင့် "အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဖွဲ့စည်းခြင်း"တွင် စစ်ဘက်အရပ်ဘက်အဖွဲ့ဝင် ၁၁ ဦးဖြင့်ဖွဲ့စည်းပေးထားရာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့ကောင်းကျိုးသယ်ပိုးကြရမည်ဖြစ်သည်။ ထို့ကြောင့် မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲတွင် မဲပေးကြရမည့်သူများအနေဖြင့် နိုင်ငံနှင့်ဒေသကို လက်တွေ့အကျိုးပြုသူ၊ တရားဥပဒေစိုးမိုးရေးအမြင်ရှိပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်သူ၊ နိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်နိုင်သူ၊ တပ်မတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို နားလည်သဘောပေါက်သူ၊ ပြည်ပအဖွဲ့အစည်းများ နိုင်ငံခြားသားများ၏ လွှမ်းမိုးခြင်းမခံရသူများကို ရွေးချယ်မဲပေးကြရန်ဖြစ်ပါကြောင်းတိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

**၁၈**

**ရက်**

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# စားသုံးသူကာကွယ်ပေးရေး အသိပညာပေးဟောပြော

မိတ္ထီလာ ဒီဇင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ စားသုံးသူကာကွယ်ရေးအသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာလ ၉ ရက်တွင် ကျင်းပသည်။

ဟောပြောပွဲတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာန စားသုံးသူရေးရာဌာနခွဲတာဝန်ခံဒုတိယဦးစီးမှူး ဒေါ်သိမ့်သူဇာမောင်က စားသုံးသူကာကွယ်ရေး အသိပညာပေးဟောပြောပွဲ လုပ်ငန်းများနှင့်စားသုံးသူများဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိစေရေးအတွက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများနှင့် နစ်နာဆုံးရှုံးမှုများအတွက် ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ၂၀၁၉ စားသုံးသူကာကွယ်ရေးဥပဒေပါစားသုံးသူအခွင့်အရေးများနှင့် လိုက်နာရမည့်တာဝန်များအကြောင်းကို အကျယ်တဝင့်ရှင်းလင်းဆွေးနွေးသည်။

ငင်းအပြင် လုပ်ငန်းရှင်များအနေဖြင့်လည်း အခြားကုန်စည်ကို ဝယ်ယူသုံးစွဲရာတွင် မိမိတို့ကိုယ်တိုင်စားသုံးသူများဖြစ်သည့်အတွက် စာသုံးသူအခွင့်အရေးနစ်နာဆုံးရှုံးမှုများရှိလာခဲ့ပါက တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်ရုံးများ၌ ဖွင့်လှစ်ထားသော စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာ(CICC) ရုံးများ၌ တိုင်ကြားနိုင်သည်။

ထို့ပြင် DOCA Myanmar Application နှင့် စားသုံးသူရေးရာဦးစီးဌာန၏ Website www.doca.gov. mm တွင် ဝင်ရောက်လေ့လာတိုင်ကြားနိုင်ပြီး Consumer Cell Center နံပါတ် (၁၅၃၅) သို့လည်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ယင်းနောက် အသိပညာပေးဟောပြောပွဲသို့ တက်ရောက်လာသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား လက်ကမ်းစာစောင်များ ဖြန့်ဝေကြောင်း သိရသည်။

(၆၀၂)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၆:၀၀ တရားတော်
၂။ ၀၈:၀၀ မောင်မယ်လေးများသိစေချင်
၃။ ၀၉:၀၀ ကျန်းမာသုတ
၄။ ၁၁:၀၀ မြန်မာ့လက်သံ
၅။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ ခေါင်းဆောင်မှု
၆။ ၁၄:၀၀ Sharing Knowledge
၇။ ၁၅:၀၀ မြန်မာသံစဉ်ချိုနားဝင်
၈။ ၁၇:၀၀ **မြဝတီရုပ်မြင်သံကြားသတင်း**
၉။ ၁၈:၃၀ **CGTN Nature အပိုင်း(၃၆)**
၁၀။ ၁၉:၀၀ **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်**

**MWD Variety Channel**

၁၀-၁၂-၂၀၂၅ (ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၂၀ ရှာဖွေလေ့လာ ပြတိုက်မှာ
၂။ ၁၁:၄၅ နိုင်ငံ့ဂုဏ်ရောင်မြှင့်တင်ဖော်ဆောင် ထူးချွန်ထင်ရှားတပ်မတော်သားအားကစားသမားများ
၃။ ၁၄:၂၀ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
၄။ ၁၆:၂၀ ကမ္ဘာ့တစ်ခွင် မှတ်တမ်းဝင်
၅။ ၂၁:၁၀ မှတ်တမ်းအစီအစဉ်(အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့)

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၁၂-၂၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# အရိပ်

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

'စု'

မအေးတင်က အခန်းဝမှလာခေါ်ပြန်သည်။

'တယ်လီဖုန်းလာနေတယ်စု'

'ဘယ်သူတဲ့လဲဟင်'

'ဖလက်ဒီတဲ့'

မအေးတင်သည် ဖရက်ဒီကို ထာဝစဉ်ပင် ဖလက်ဒီ ဟုသာခေါ်လေ့ရှိသည်။

'အပေါ်ထပ် ဆက်ပေးလိုက်လေ'

ဖရက်ဒီသည် မာမီ၏မိတ်ဆွေ ဒေါ်ကြည်ကြည်၏ သားဖြစ်သည်။ မာမီအိမ်ပြန်မအိပ်တော့ဘဲ ဒေါ်ကြည်ကြည်၏အိမ်တွင်ပင် မိုးအလင်းထိုင်တော့မည်ဟု ဆိုလျှင် သူက တယ်လီဖုန်းဆက်ပြီး အကြောင်းကြားတတ်လေသည်။

'ဟဲလို ဖရက်'

'စုလား'

ဖရက်ဒီက ခပ်တိုးတိုးမေးလေသည်။ စုလှိုင်သည် နှုတ်မှပြန်မပြောတော့ဘဲ တယ်လီဖုန်းခွက်ကိုင်ရင်း ခေါင်းညိတ်ပြလိုက်မိသည်။

'အန်တီတော့ သဲသဲမဲမဲဖြစ်နေပြီစု၊ ဒီည နောက်ကျလိမ့်မယ်ထင်တယ်'

'နောက်ကျမှာလား၊ ပြန်မလာမှာလားဟင်'

'သြော် အင်း၊ ပြန်မလာနိုင်ဘူးထင်တယ်'

'အင်း'

'စုလှိုင်'

'အင်'

စုလှိုင်သည် အမှောင်ထုကိုငေးကြည့်နေရင်း ခပ်ငိုင်ငိုင်ဖြစ်သွားသည်။ ဒက်ဒီသည် နံပါတ်နှစ်ထိတွင် သားလေးကိုမြူချော့နေလိမ့်မည်ထင်သည်။ မာမီကလည်း ဒိုင်းမွန်းများ၊ စပိတ်များနှင့် နပန်းလုံးလျက်ရှိနေသည်။ စုလှိုင်သည် တစ်ဦးတည်းပင့်သက်ကလေးရှိုက်လိုက်မိသည်။

'ကိုယ့်အတွက် အဖြေမသိရသေးဘူးလား စုလှိုင်ရယ်'

'အင်'

ဖရက်ဒီက ခပ်ချွဲချွဲပြောသောအခါမှ စုလှိုင်သည် ယောင်တောင်တောင်ဖြစ်သွားပြီး နားထောင်ခွက်နှင့် ကပ်ထားသော ဦးခေါင်းကို ဆတ်ခနဲ ခွာလိုက်မိသည်။

'ကိုယ် မင်းကိုချစ်တယ်စု'

'စုကို ချစ်တယ်တဲ့လား'

'ဟုတ်တယ်၊ ဒါကိုလည်း အရာအထောင်မက ပြောခဲ့ပြီးပါပြီ ဒါလင်ရယ်၊ ကိုယ့်မေတ္တာကို ခုထိ မယုံသေးဘူးလား'

'မေတ္တာဆိုတာ ဘာလဲဟင်'

'မေတ္တာဆိုတာ ချစ်ခြင်းပေါ့စုရဲ့'

'ဘယ်ကနေ ချစ်တာလဲဟင်"

'နှလုံးသားထဲကလေ'

စုလှိုင်သည် သက်ပြင်းလေးချလိုက်မိပြန်သည်။ တယ်လီဖုန်းခွက်ကို ခပ်လျော့လျော့လေးကိုင်ကာ စားပွဲပေါ်မှ ပြက္ခဒိန်ကို ငိုင်တွေတွေ ကြည့်နေမိသည်။ လေက ခပ်ကြမ်းကြမ်းလေးတိုက်ခတ်ဝင်ရောက်လာသောအခါများတွင် ထောင်ထားသောပြက္ခဒိန်လေးသည် ယိုင်လဲကျတော့မလို တလှုပ်လှုပ်ဖြစ်သွားတတ်သည်။

'စု'

'အင်'

'ကိုယ့်ကို ပြန်မချစ်ဘူးလားဟင်'

'ဟင့်အင်း'

'ဘာဖြစ်လို့လဲကွယ်'

'စုလှိုင်မှာ မေတ္တာမှမရှိတာ'

'ဘာရယ်'

'စုမှာ နှလုံးသားမှမရှိတာ'

'စုရယ်'

'စု ချစ်မှမချစ်တတ်တာ'

စုလှိုင်သည် တယ်လီဖုန်းခွက်လေးကို ပြန်ချထားလိုက်သည်။ ထို့နောက် ချာခနဲလှည့်ကာ မအေးတင်ကိုအော်ခေါ်လိုက်လေသည်။

'မာမီကို စောင့်မနေနဲ့တော့၊ မာမီ ပြန်လာမှာ မဟုတ်ဘူး၊ တံခါးပြန်ပိတ်ပြီး အိပ်ကြတော့'

မအေးတင်ကတစ်ဖန် အောက်ထပ်မှ ဦးကြီးဘဇံတို့၊ ဒေါ်ငြိမ်းမယ်တို့ကို ညွှန်ကြားချက်ထုတ်ပြန်နေစဉ် စုလှိုင်အခန်းသို့ပြန်လာခဲ့သည်။ တစ်ဝက်တစ်ပျက်သာသောက်ရသေးသော နွားနို့ဖန်ခွက်ကို တစ်ရှိန်ထိုးမော့ကာ သောက်ချလိုက်ပြီး အိပ်ရာပေါ်သို့ ပြန်လှဲလိုက်သည်။

စုလှိုင်သည် မှန်ပြတင်းတွင်ထင်ဟပ်နေသော သစ်ပင်ရိပ်မည်းမည်းများကို ငေးကြည့်ရင်း အတွေးတို့က ပျံ့လွင့်စပြုလာလေသည်။

တဖြည်းဖြည်းနှင့် မီးခိုးများလို လွင့်ပါးနေသော စိတ်အတွေးအမြင်များကိုဆွဲ၍ စုစည်းရန် မကြိုးစားတော့ဘဲ လွှတ်ထားလိုက်သည်။

စုလှိုင်တွင် တွေးစရာ အတွေးများများမရှိပေ။

ဒက်ဒီရဲ့အကြောင်း၊

မာမီရဲ့အကြောင်း၊

ထို့နောက် သူငယ်ငယ်တုန်းက အကြောင်း။

■ ■ ■ ■ ■

စုလှိုင် ငယ်ငယ်တုန်းကအကြောင်းကို ညတစ်ညကစ၍ မှတ်မိသည်။ ငယ်ငယ်တုန်းကအကြောင်းကို ပြန်စဉ်းစားလိုက်လျှင် ထိုညကိုသာ ထင်ထင်ရှားရှား သတိရလေ့ရှိလေသည်။ ထိုစဉ်က စုလှိုင် သုံးနှစ်ခန့်သာရှိဦးမည်ထင်သည်။

ထိုညက မိုးမှောင်ကြီးကျနေလေသည်။ မိုးစက်မိုးပေါက်များသည် မြေပြင်ပေါ်သို့ အဆက်မပြတ် ခုန်ဆင်းနေကာ လျှပ်စီးများ တဝင်းဝင်းလက်နေသည်။ မှန်ပြတင်းတွင်ထင်ဟပ်နေသော သစ်ရိပ်များသည် ပုံသဏ္ဌာန်အမျိုးမျိုးနှင့် ယိမ်းထိုးပြီးလှုပ်ရှားနေသည်။ ညည့်အလယ်သန်းခေါင်ယံတွင် ဖြုန်းခနဲလန့်နိုးလာသော စုလှိုင်သည် ထိုအရိပ်မည်းများကို စိုက်ကြည့်ရင်း ချောက်ချားလာလေသည်။

'နာနီ နာနီ'

စုလှိုင်က အော်ခေါ်လိုက်သည်။ သို့သော် စုလှိုင်၏ အသံလေးသည် မိုးသံလေသံများနှင့် ရောထွေးနေသည်။ တစ်ဖက်ခုတင်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေဟန်ရှိသော နာနီက တုတ်တုတ်မျှမလှုပ်ချေ။ စုလှိုင်သည် ခြုံထားသော ဂွမ်းစောင်ဖြူလေးကို လက်နှစ်ဖက်ဖြင့်တင်းတင်းဆုပ်ကိုင်ထားရင်း အားငယ်ကြောက်ရွံ့စိတ်များက တစ်ကိုယ်လုံးကို လွှမ်းမိုးလာလေသည်။

'ဝုန်း ဒိုင်း'

'အား'

ရုတ်တရက် စူးစူးရှရှလင်းလာပြီး ထစ်ချုန်းမြည်ဟည်းသွားသော မိုးကြိုးသံကိုကြားရသောအခါ စုလှိုင်သည် အိပ်ရာမှလူးလဲထလိုက်မိသည်။ ထို့နောက် သူ့ကိုယ်သူမသိခင်မှာပင် မာမီရှိရာအခန်းဆီသို့ဦးတည်ပြီး ပြေးလွှားသွားနေမိပြီဖြစ်သည်။

'မာမီ မာမီ'

တစ်အိမ်လုံးမှောင်နေသဖြင့် စုလှိုင်သည် စိတ်မှတ်နှင့်သာ စမ်းတဝါးဝါးပြေးလာခဲ့သည်။ မာမီ၏အခန်းဆီသို့ အရောက်ပြေးဝင်လိုက်မိစဉ် ပိတ်ထားသောတံခါးရွက်များနှင့်ဝင်ပြီးတိုးမိတော့သည်။ နဖူးနှင့်တံခါးရွက်တိုက်ခိုက်ကာ ဖင်ထိုင်လျက်လဲကျသွားစဉ် စုလှိုင်သည် မာမီကို အသံကုန်အော်၍ ခေါ်မိလေသည်။ စူးစူးဝါးဝါးအော်၍ငိုမိလေတော့သည်။


'ဟယ် စု၊ ဘာလာလုပ်နေတာလဲ'

အတန်ကြာသောအခါမှ အခန်းတံခါးသည် ဖြန်းခနဲပွင့်သွားသည်။ အခန်းတွင်းမှ လျှံထွက်လာသော ပြာလဲ့လဲ့မီးရောင်ဖျော့ဖျော့လေးတွင် မားမားကြီးရပ်နေသော ဒက်ဒီကိုတွေ့ရသည်။ အသဲလဲအပြုံပြုံနှင့် အော်ငိုနေသော စုလှိုင်ကို ခေတ္တမျှတွေကြည့်နေပြီးမှ ကုန်း၍ပွေ့ချီလိုက်သည်။ ဒက်ဒီ၏ လက်များသည် ပူနွေးပြီးနူးညံ့နေလေသည်။ စုလှိုင်သည် ဒက်ဒီ၏လည်ပင်းကိုလှမ်း၍ ဖက်ထားလိုက်ပြီး သူ့လိုလားချက်ကို အော်ဟစ်ပြီး ပြောလိုက်မိသည်။

'မာမီနဲ့အိပ်မယ် မာမီနဲ့အိပ်မယ်'

**ဆက်လက်ဖော်ပြပါမည်။**

## ငဖဲမြို့ ချင်းစုရပ်၌ မြေအောက်ရေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် မေမြို့ပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ငဖဲ ဒီဇင်ဘာ ၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့ မြို့မရပ်ကွက် ချင်းစုရပ်သည် မန်းချောင်းနံဘေး၌တည်ရှိပြီး အရှေ့ဘက်ကိုင်းမြေများတွင် မြေအောက်ရေဖြင့် ရာသီအလိုက်သီးနှံများကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မေမြို့ပန်းများ စိုက်ပျိုးထားရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဆောင်းသီးနှံ စိုက်ပျိုးသူများ၏ ပြောကြားချက်အရ သိရသည်။

သီတင်းကျွတ်လ မိုးအကုန်တွင် မေမြို့ပန်းစိုက်ပျိုးရန် မြေစတင်ထွန်ယက်၍ မျိုးစေ့များကိုပျိုးထောင်ပြီး ပျိုးပင်တစ်လခွဲအကြာတွင် ပျိုးပင်လေးများကို ရွှေ့ပြောင်း၍ မြေပေါင်ပြုလုပ်ကာ စိုက်ပျိုးရသည်။

မေမြို့ပန်းသည် နုန်းဆန်သော မြေနှင့် မြေဆီလွှာကောင်း ကြိုက်နှစ်သက်သည့်အပြင် ရေကိုလည်း အလွန်နှစ်သက်သော ပန်းမျိုးဖြစ်၍ မြေဩဇာနှင့်ရေမပြတ် သွင်းပေးရကြောင်း၊ အပင်သန်ပြီး ပန်းပွင့်လှစေရန်အတွက် နွားချေးနှင့်ဓာတ်မြေဩဇာများကျွေးပေးရကာ လေဝင်လေထွက်ကောင်းမွန်စေပြီး အပင်ကြီးထွားမှုမြန်ဆန်စေရန် ပေါင်းလိုက်ပေးရကြောင်း သိရသည်။

ငဖဲမြို့ မြို့မရပ်ကွက် ချင်းစုရပ်၊ အိုးမြေတွင်ကျေးရွာနှင့် ပန်းထိန်းကျေးရွာများတွင် မြေအောက်ရေနှင့်မန်းချောင်းရေကိုအသုံးပြု၍ ကိုင်းမြေများတွင် မေမြို့ပန်း၊ ဂန္ဓမာပန်းနှင့် ဟင်းသီးဟင်းရွက်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးရောင်းချလျက်ရှိကြောင်း သိရသည်။

မယု(ငဖဲ)

# အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား




အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဒီဇင်ဘာ ၉

အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အခမ်းအနားကိုယနေ့နံနက်ပိုင်းတွင်နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပရာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုတရားသူကြီးချုပ်ဦးသာငွေ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယို၊ ပိုစတာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေး ဗီဒီယိုပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေပေးအပ်ချီးမြှင့်စဉ်။



အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးနှင့် အခမ်းအနားတက်ရောက်လာကြသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားအတွက် ပေးပို့သည့် Video Message ကို ပြသသည်။

**(နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် Video Message အား ရှေ့ဖုံးစာမျက်နှာတွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားပြည်သူအားလုံး စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူအခြေပြုနည်းလမ်းများဖြင့် နိုင်ငံတော်ပြုပြင်ပြောင်းလဲရေး တည်ဆောက်ရေးလုပ်ငန်းများကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အခြားအခြားသော အနှောင့်အယှက်၊ အဖျက်အမှောင့်၊ အခက်အခဲများနှင့်အတူ အဂတိလိုက်စားမှုသည်လည်း အဓိက အဟန့်အတားတစ်ခု ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေး နယ်ပယ်အသီးသီးတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်နွှယ်ဖြစ်ပွားလျက်ရှိကြောင်း၊ အဂတိလိုက်စားမှုဆိုရာတွင် နိုင်ငံတော်ဘဏ္ဍာ၊ ငွေကြေးနှင့် ပစ္စည်းများကို အလွဲသုံးစားပြုမှုသာမဟုတ်ဘဲ လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်း၊ မလျော်သြဇာသုံးခြင်းလည်း ပါဝင်ပါကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသူများအနေဖြင့် အဂတိကင်းစင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန်အတွက် ကိုယ်ကျင့်သိက္ခာမြှင့်တင်ရေးသည် မရှိမဖြစ်လိုအပ်ချက်ဖြစ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်မျှော်မှန်းချက်များချမှတ်ပြီး မဟာဗျူဟာစီမံချက်တွင် အစိတ်အပိုင်းတစ်ခုအနေဖြင့် ရေးဆွဲဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ခိုင်ခိုင်မာမာချမှတ်ထားရန်နှင့် အများပြည်သူတို့၏ မျှော်လင့်ချက်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ရည်မှန်းချက်များကို နီးကပ်နိုင်သမျှ နီးကပ်မှုရှိစေရေး ကြိုးစားအားထုတ်ရန်လိုအပ်ကြောင်း။

အဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားဆိုင်ရာ အားနည်းချို့ယွင်းမှု၊ ကိုယ်ကျင့်တရား ပျက်ယွင်းခြင်းဖြစ်သည်ဆိုသည်ကို ငယ်စဉ်ကတည်းက သိမြင်နားလည်ပြီး အဂတိလိုက်စားမှုပြုလုပ်ခြင်းသည် ရှက်ရွံ့စရာတစ်ခုဖြစ်ကြောင်း အသိတရားပြည့်ဝလာရန်အတွက် သွန်သင်ဆုံးမမှု၊ အသိပညာပေးမှုများ လိုအပ်ကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်ကစပြီး လူငယ်လူရွယ်များကိုအဂတိလိုက်စားမှုသည် ကိုယ်ကျင့်တရားပျက်ယွင်းမှုအဖြစ် သိမြင်နားလည်ပြီး ထိန်းသိမ်းရှောင်ကြဉ်နေထိုင်ကြစေရန် အသိပညာပေးမှုများကို ပိုမိုကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

လူငယ်လူရွယ်ကျောင်းသား၊ ကျောင်းသူများကို ပညာသင်ကြားစဉ်အချိန်တွင် ကိုယ်ကျင့်တရားကောင်းမွန်ပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာတတ်သည့် အလေ့အထကောင်းများဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်း၊ ကျောင်းသင် အတတ်ပညာများသာမက စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ပြီး အသိပညာမြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ်နှင့် မျိုးချစ်စိတ်ဓာတ်များ ရှင်သန်မြင့်မားရေးတို့ကို စနစ်တကျလေ့ကျင့်သင်ကြားပေးခြင်းစသည်ဖြင့် စည်းကမ်းရှိသည့် ပညာတတ်လူသားအရင်းအမြစ် **စာမျက်နှာ ၆ သို့ ⊃**

➲ စာမျက်နှာ ၅ မှအဆက်

ကောင်းများကို မွေးထုတ်ပေးသွားနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ကောလိပ်များတွင် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ်များ၊ လူငယ်စကားဝိုင်းများကို ကော်မရှင်အနေဖြင့် အင်တိုက်အားတိုက် ကျင်းပနေသည်ကိုတွေ့ရပြီး ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း။

ကော်မရှင်အနေဖြင့် ဖြောင့်မတ်တည်ကြည်မှုဆိုင်ရာ ပညာပေးအစီအစဉ်များသာမက အစိုးရဌာနများတွင် အသေးစား အဂတိလိုက်စားမှုများ လျော့ပါးပျောက်ကွယ်စေရန်နှင့် ဌာနဆိုင်ရာဝန်ဆောင်မှုများ ပိုမိုကောင်းမွန်စေရန် ရည်ရွယ်ချက်များနှင့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) များ ဖွဲ့စည်းထားကြောင်း၊ ထို့ပြင် ပြည်သူများကို ဝန်ဆောင်မှုပေးနေသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် အကြံဉာဏ်များရယူသည့် ပြည်သူ့ထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (PFP) ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရကြောင်း။

ထိုသို့ ကောင်းမွန်သည့်ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်မှုများသည် ဖြောင့်မတ်တည်ကြည်မှုနှင့် တရားမျှတမှုတို့ လွှမ်းခြုံနေသည့် အနာဂတ်ကို တည်ဆောက်ရာတွင် တစ်ဖက်တစ်လမ်းက အထောက်အကူပြုသည့်အတွက် လူသားတိုင်းခံစားရရှိနိုင်မည့် အခွင့်အရေးများကို လက်လှမ်းမီစေပြီး စိတ်ရောကိုယ်ပါ ကျန်းမာသန်စွမ်းသည့် လူနေမှုဘဝကို ပိုင်ဆိုင်စေနိုင်မည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၃၀ ပြည့်နှစ်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင်ပါရှိသည့် ရည်မှန်းချက်ပန်းတိုင် (၁၇)ခုထဲက ပန်းတိုင် (၁၆) ကိုအခြေခံပြီး မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း MSDP မဟာဗျူဟာ ၁-၄ တွင် "ကောင်းမွန်သောအုပ်ချုပ်မှု၊ တာဝန်ယူမှု/ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှု မြှင့်တင်ရေး" ကို ရေးဆွဲထားကြောင်း၊ ထိုသို့ရေးဆွဲချမှတ်ထားသည့် မဟာဗျူဟာနှင့်အညီ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားကို ပိုမိုခိုင်မာအားကောင်းစေပြီး အဂတိလိုက်စားမှုကင်းစင်သည့် အခြေခံအုတ်မြစ်ပေါ်တွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တစ်ဦးတစ်ယောက်ကစပြီး ကဏ္ဍအသီးသီးမှ ပုဂ္ဂိုလ်များအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန်နှင့် အဂတိလိုက်စားမှုကို လက်မခံသော ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းတစ်ရပ် ဖန်တီးဖော်ဆောင်နိုင်စေရေး ဦးတည်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၏ ရည်ရွယ်ချက်ဖြစ်သည့် အဂတိလိုက်စားမှုကြောင့် နိုင်ငံတော်ပိုင်ပစ္စည်း၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်၊ တရားဥပဒေစိုးမိုးရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပိုမိုပွင့်လင်းမြင်သာပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန်မှာကြားလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားတွင်အရေးပါသည့် နိုင်ငံ့ဝန်ထမ်း၊ ပြည်သူ့ဝန်ထမ်းများသာမက ကဏ္ဍအသီးသီး၊ အဖွဲ့အစည်းအသီးသီးက အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးအား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးက အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် တံဆိပ်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ အမှုဆောင်ချုပ် ဦးအောင်လင်းဒွေး က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးဗီဒီယိုပြိုင်ပွဲတွင်အသက်အုပ်စုအလိုက်ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက်ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဋ္ဌေးက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကိုလည်းကောင်း၊ ကော်မရှင်ဥက္ကဋ္ဌက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပန်းချီပြိုင်ပွဲတွင် အသက်အုပ်စုအလိုက်ပထမ၊ ဒုတိယနှင့်တတိယဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ ဗီဒီယိုပြိုင်ပွဲတွင် အသက်အုပ်စုအလိုက် ပထမဆုရရှိခဲ့သည့် ဗီဒီယိုများကိုပြသပြီး ကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အမှုဆောင်ချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တစ်နှစ်တာဆောင်ရွက်မှု Video Clip ကို ကြည့်ရှုကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများ၊ ဖြောင့်မတ်တည်ကြည်မှု၊ စုံစမ်းစစ်ဆေးခြင်းနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသည့် စာအုပ်များကို လှည့်လည်ကြည့်ရှုကြသည်။

ယခုနှစ် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို "ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့" (Uniting with Youth against Corruption: Shaping Tomorrow's Integrity) ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ရှမ်းပြည်နယ် တောင်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဒီဇင်ဘာ ၉**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်၊ ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လွိုင်လင်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး အုတ်ခြံစည်းရိုးကာရံခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပင်လုံမြို့ ကွက်သစ်မှ ဝမ်အင်ဘုန်းတော်ကြီးကျောင်းသို့ ဆက်သွယ်ထားသည့် ကျောက်ချောလမ်းပေါ်၌ ၂၈၆၈ ပေ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းအရည်အသွေးပြည့်မီရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ စနစ်တကျတူးဖော်ရန် မှာကြားပြီး ဒေသခံတိုင်းရင်းသားပြည်သူများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။


ယင်းနောက် ပင်လုံမြို့ရှိ လွိုင်လင်-လဲချားလမ်းမကြီးမှ မေတ္တာအေးရိပ်ဘုန်းတော်ကြီးသင် ပရဟိတပညာရေးကျောင်းသို့ဆက်သွယ်ထားရှိသည့်ကျောက်ချောလမ်း ၁ မိုင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကာ ပင်လုံမြို့ကျက်သရေဆောင် မဟာရဋ္ဌာဘိသာမဂ္ဂီ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် စေတီတော်ရင်ပြင်ပတ်လမ်း ကြွေပြားအသစ်လဲလှယ်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ သင်တန်းကျောင်း ကျောင်းအုပ်၊ ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံပြီး သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ် လေ့လာသင်ယူသွားကြရန်၊ အတတ်ပညာများအပြင် ပြင်ပဗဟုသုတများကို လေ့လာဆည်းပူး၍ အသိပညာများဖွံ့ဖြိုးတိုးတက်အောင် အမှန်နှင့်အမှား ကွဲပြားစွာ ဝေဖန်ပိုင်းခြားနိုင်သော လူတော်လူကောင်းများဖြစ်အောင်ကြိုးစားကျင့်ကြံနေထိုင်သွားကြရန်၊ ဆရာ၊ ဆရာမများနှင့် နည်းပြများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများအား စာပေပညာရပ်များအပြင် အတွေးအခေါ် အသိအမြင်နှင့် အယူအဆကောင်းများ ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ခေါင်းဆောင်ကောင်းများဖြစ်အောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြား ပျိုးထောင်သွားကြရန်မှာကြားကာ ဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် လူရည်ချွန်ဆုရရှိသူများအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်၍ ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့်အတူ ဟိုပုံးမြို့နယ် ဟွေ့ရေခေါက်-ဒုံလိတန်ကျေးရွာချင်းဆက် ကျောက်ချောလမ်း ၁၂ မိုင် ၂ ဖာလုံ အနက် ၄ ဖာလုံ ကတ္တရာခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

| ထူးခြားသည့် ညအပူချိန်များ ၉-၁၂-၂၀၂၅ | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဟားခါး | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | လွိုင်လင် | ၇ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် | ပင်လောင်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် | မိုင်းယန်း | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် | မချမ်းဘော | ၈ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |







# အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ အစည်းအဝေးကျင်းပ



**နေပြည်တော် ဒီဇင်ဘာ ၉**

အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ (၃/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ (၂)၌ ကျင်းပသည်။

အစည်းအဝေးတွင် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ၏ လုပ်ငန်းတာဝန်တွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားလူမှုစီးပွားဖွံ့ဖြိုးမှုကို ရေးရှုသော ရေတိုရေရှည်မဟာဗျူဟာနှင့်နည်းဗျူဟာများ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ထိန်းကျောင်းလမ်းညွှန်မှုပြုရန် ဖော်ပြထားရှိရာ ကောင်စီအဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစီမံချက်များကို ပြင်ဆင်ရေးဆွဲထားသည့် အမျိုးသားပို့ကုန်မဟာဗျူဟာ ၂၀၂၆-၂၀၃၀ နှင့် လိုက်လျောညီထွေဖြစ်အောင် ရေးဆွဲကြရန်လိုအပ်ကြောင်း။

ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်သောပို့ကုန်များ ပိုမိုတင်ပို့နိုင်ခြင်းသည် ထုတ်ကုန်ထုတ်လုပ်သော နိုင်ငံသားတို့၏ စွမ်းဆောင်ရည်မြင့်တက်လာခြင်းကြောင့်ဖြစ်၍ ထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ်လုပ်သည့် စက်ယန္တရားများကောင်းမွန်ရေးနှင့် ထုတ်လုပ်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် နိုင်ငံတော်မှ ချေးငွေများပေးအပ်ခြင်း၊ စက်ယန္တရားများ တင်သွင်းခွင့်ပြုခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရေးအစီအစဉ်များ ဖွံ့ဖြိုးတိုးတက်အောင်စီမံခြင်းတို့ကို ကွင်းဆက်လုပ်ငန်းစဉ်တစ်ခုအနေဖြင့် စီမံပေးလျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် အစိုးရ-ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူးက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အစိုးရ - ပုဂ္ဂလိက ကုန်သွယ်မှုမြှင့်တင်ရေးကောင်စီအဖွဲ့ဝင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်းသည့် တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁၀-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၀၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

## MWD Education, Knowledge & Sports Channel

၁၀-၁၂-၂၀၂၅(ဗုဒ္ဓဟူးနေ့)

| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၀ | Grade – 7 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၅၅ | Grade – 7 | အင်္ဂလိပ်စာ၊ သင်္ချာ(၁) |
| ၃။ | ၁၆:၅၅ - ၁၇:၅၀ | Grade – 7 | သင်္ချာ(၂)၊ ပထဝီဝင် |
| ၄။ | ၁၇:၅၀ - ၁၈:၂၀ | Grade – 7 | သမိုင်း၊ သိပ္ပံ |

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
 (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
 (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
 (၁) ၀၉-၃၄၉၀၃၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
 (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
 (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
 (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
 (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
 (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
 (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
 (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
 (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
 (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
 (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
 (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
 (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
 (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
 (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အဆုတ်ကျန်းမာရေးအတွက် အကျိုးပြုသောအစားအစာများ

**"အသီးအနှံများတွင်ပါရှိသော အင်တီအောက်စီးဒင့်နှင့် ရောင်ရမ်းမှုကိုဆန့်ကျင်သောဒြပ်ပေါင်းများသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်စေသော Oxidative Stress နှင့် ရောင်ရမ်းခြင်းမှ အဆုတ်ကိုကာကွယ်ပေးနိုင်သော အာနိသင်ရှိကြောင်း ညွှန်ပြသည်။ အသီးအနှံစားသုံးခြင်းသည် လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုကို ကိုယ်တိုင်မလျှော့ချနိုင်သော်လည်း အဆုတ်၏လုပ်ဆောင်မှုပိုမိုကောင်းမွန်စေရန် ကူညီပေးသည်။ လေ့လာမှုအရ ဤအကျိုးသက်ရောက်မှုသည် ယေဘုယျအားဖြင့် အမျိုးသားများထက် အမျိုးသမီးများတွင် အသီးအနှံစားသုံးမှု ပိုများခြင်းကြောင့်ဖြစ်နိုင်ကြောင်း ပိုမိုထင်ရှားသည် . . ."**

ဆောင်းရာသီတွင် လေထုညစ်ညမ်းမှုပမာဏ မြင့်တက်လာသည်နှင့်အမျှ အဆုတ်ကျန်းမာရေးကို ကြိုတင်သတိပြုကာကွယ်ရန်လိုအပ်သည်။ အဆုတ်သည် ဖုန်မှုန့်၊ မီးခိုးနှင့် ဓာတုပစ္စည်းများကဲ့သို့ ပတ်ဝန်းကျင်ညစ်ညမ်းမှုဒဏ်ကို ခံနိုင်ရည်ရှိသည်။ အန္တရာယ်ရှိသော အမှုန်အမွှားများသည် ရောင်ရမ်းခြင်း၊ ဓာတ်တိုးဖိစီးမှုနှင့် ရေရှည်အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်စေသည်။ နှာခေါင်းစည်းများဝတ်ဆင်ခြင်းနှင့် လေသန့်စင်စက်များအသုံးပြုခြင်းသည် ပြင်ပအကာအကွယ်များအနေဖြင့် ကူညီပေးနိုင်ပြီး အဆုတ်ကျန်းမာရေးအတွက် အာဟာရဓာတ်များ ကြွယ်ဝစွာစားသုံးခြင်းဖြင့် ခန္ဓာကိုယ်အတွင်းပိုင်းကို ပံ့ပိုးပေးမှုသည်လည်း ထပ်တူအရေးကြီးပါသည်။

သင့်လျော်သောရေဓာတ်ပြည့်ဝမှုရှိစေခြင်း၊ ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်း၊ အသက်ပြင်းပြင်းရှူခြင်း အလေ့အကျင့်များနှင့်အတူ အဆုတ်အားကောင်းစေသောအစားအစာများဖြင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှကာကွယ်နိုင်ပြီး အဆုတ်ကျန်းမာနေစေရန် ကူညီပေးနိုင်ပါသည်။ အထူးသဖြင့် ဓာတ်တိုးဆန့်ကျင်ပစ္စည်း၊ ဗီတာမင်နှင့်သတ္တုဓာတ်များ ကြွယ်ဝသောအစားအစာများသည် အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကို အထောက်အကူပြုရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်သည်။ ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး ရောင်ရမ်းမှုကိုလျှော့ချပေးသည့်အစားအစာများကို စားသုံးခြင်းသည် ခန္ဓာကိုယ်မှ အဆိပ်အတောက်များကို ချေဖျက်ပေးခြင်းနှင့် အဆုတ်တစ်သျှူးပျက်စီးမှုများကို ပြုပြင်ပေးခြင်းဖြင့် အကောင်းဆုံး အဆုတ်လုပ်ဆောင်ချက်ကို ထိန်းသိမ်းရန်ကူညီပေးနိုင်သည်။ အထူးသဖြင့် လေထုညစ်ညမ်းမှုမြင့်မားသောရာသီများတွင် ကျန်းမာရေးနှင့် ညီညွတ်စွာစားသောက်ရန် အရေးကြီးသည်။

ဆောင်းရာသီတွင် အဆုတ်ကျန်းမာရေးအတွက် ဗီတာမင်-C နှင့် E သည် ဖရီးရယ်ဒီကယ်များကို တိုက်ဖျက်နိုင်ပြီး Omega-3 Fatty acid သည် ရောင်ရမ်းမှုကို လျှော့ချပေးသည်။ မဂ္ဂနီဆီယမ်သည် အသက်ရှူလမ်းကြောင်းကို ချောမွေ့စေပြီး Quercetin သည် ညစ်ညမ်းသော ပတ်ဝန်းကျင်များတွင် ဓာတ်မတည့်မှုအတွက် တုံ့ပြန်မှုများကို သက်သာစေသည်။ ဗီတာမင်-D နည်းပါးခြင်းသည် အသက်ရှူလမ်းကြောင်း ပိုးဝင်ခြင်းနှင့် အဆုတ်လုပ်ဆောင်ချက်အားနည်းခြင်းတို့နှင့် ဆက်စပ်နေသည်။ ဗီတာမင်-D သည် ကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေးအတွက် အရေးကြီးသည်။ ဖြည့်စွက်စာများသည် အသက်ရှူလမ်းကြောင်းအတွင်း ခုခံအားကို တိုးတက်စေနိုင်သည်။

**အဆုတ်ကာကွယ်ရေးအတွက် အရေးကြီးသောအစားအစာ**

အဆုတ်သည် ဖုန်မှုန့်၊ မီးခိုးနှင့် ဓာတုဓာတ်ငွေ့ထုတ်လွှတ်မှုကဲ့သို့သော ပတ်ဝန်းကျင်လေထုညစ်ညမ်းမှုများနှင့် ဆက်တိုက်ထိတွေ့နေရသဖြင့် အဆုတ်တစ်သျှူးများတွင် ရောင်ရမ်းမှုနှင့် ဓာတ်တိုးဖိစီးမှုကို ဖြစ်စေနိုင်သည်။ ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် ကြာရှည်စွာထိတွေ့ခြင်းသည် နာတာရှည် အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကို ဖြစ်စေနိုင်သည်။

နေ့စဉ်အစားအစာများတွင် ပန်းဂေါ်ဖီစိမ်း၊ ဟင်းနုနယ်ရွက်၊ ဆီးဖြူသီး၊ ဗာဒံစေ့နှင့် နှမ်းကြိတ်စေ့ကဲ့သို့သော အဆုတ်ကျန်းမာရေးအတွက် အကျိုးပြုသည့် ဟင်းသီးဟင်းရွက်နှင့် အစေ့အဆန်များကို ပေါင်းစပ်စားသုံးခြင်းသည် လေထုညစ်ညမ်းမှုများကို တိုက်ဖျက်နိုင်စွမ်းရှိပြီး ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးသဖြင့် အသက်ရှူလမ်းကြောင်းစနစ်၏ခံနိုင်ရည်ကို သိသိသာသာတိုးတက်စေနိုင်သည်။

University of Leicester က ဥရောပအသက်ရှူလမ်းကြောင်းဆိုင်ရာ အဖွဲ့အစည်းများညီလာခံ၌ တင်ပြသည့် လေ့လာမှုတစ်ခုတွင် အသီးအနှံများစားသုံးမှုသည် ညစ်ညမ်းသောအမှုန်အမွှားများနှင့်ထိတွေ့မှုကြောင့် အဆုတ်လုပ်ငန်းဆောင်တာကျဆင်းသွားပုံကို အကဲဖြတ်ရန် ပါဝင်သူနှစ်သိန်းခန့်ထံမှ အချက်အလက်များကို ဆန်းစစ်ခဲ့ရာ နေ့စဉ်အသီးအနှံလေးကြိမ်နှင့်အထက် စားသုံးသောအမျိုးသမီးများသည် စားသုံးမှုနည်းသောအမျိုးသမီးများနှင့် နှိုင်းယှဉ်ပါက အဆုတ်လုပ်ဆောင်ချက် ကျဆင်းမှုပမာဏ ($FEV_1$) လျော့နည်းကြောင်း တွေ့ရှိခဲ့သည်။

အသီးအနှံများတွင်ပါရှိသော အင်တီအောက်စီးဒင့်နှင့် ရောင်ရမ်းမှုကိုဆန့်ကျင်သောဒြပ်ပေါင်းများသည် လေထုညစ်ညမ်းမှုကြောင့်ဖြစ်စေသော Oxidative Stress နှင့် ရောင်ရမ်းခြင်းမှ အဆုတ်ကိုကာကွယ်ပေးနိုင်သော အာနိသင်ရှိကြောင်း ညွှန်ပြသည်။ အသီးအနှံစားသုံးခြင်းသည် လေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုကို ကိုယ်တိုင်မလျှော့ချနိုင်သော်လည်း အဆုတ်၏လုပ်ဆောင်မှုပိုမိုကောင်းမွန်စေရန် ကူညီပေးသည်။ လေ့လာမှုအရ ဤအကျိုးသက်ရောက်မှုသည် ယေဘုယျအားဖြင့် အမျိုးသားများထက် အမျိုးသမီးများတွင် အသီးအနှံစားသုံးမှု ပိုများခြင်းကြောင့်ဖြစ်နိုင်ကြောင်း ပိုမိုထင်ရှားသည်။ ဗီတာမင်၊ ဓာတ်တိုးဆန့်ကျင်ပစ္စည်းနှင့် Omega-3 Fatty acid များပါဝင်သော ဗာဒံစေ့၊ ဟင်းနုနယ်ရွက်၊ ပန်းဂေါ်ဖီစိမ်း၊ ဆီးဖြူသီးနှင့် နှမ်းကြိတ်စေ့ကဲ့သို့သော ဖြည့်စွက်စာများသည် ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများကြားတွင် အဆုတ်၏လုပ်ဆောင်မှုကိုထိန်းသိမ်းရန်နှင့် အသက်ရှူလမ်းကြောင်းစနစ်အတွင်း ရောင်ရမ်းမှုနှင့် ဓာတ်တိုးဆန့်ကျင်ပျက်စီးမှုများကို လျှော့ချပေးနိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

**ကိုယ်ခံစွမ်းအားကိုမြှင့်တင်ရန်နှင့် လေထုညစ်ညမ်းမှုမှကာကွယ်ပေးနိုင်သောအသီးအနှံများ**

**ဆီးဖြူသီး**

ဆီးဖြူသီးတွင် ဗီတာမင်-C ကြွယ်ဝသောကြောင့် ကိုယ်ခံအားတုံ့ပြန်မှုကို မြှင့်တင်ပေးပြီး အဆုတ်ကိုဓာတ်တိုးဆန့်ကျင်မှုများမှ ကာကွယ်ပေးသည်။ အစွမ်းထက်ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများကြောင့် အဆိပ်အတောက်များကို ချေဖျက်ပေးကာ ရောင်ရမ်းမှုကို လျှော့ချပေးပြီး လေထုညစ်ညမ်းမှုကို တိုက်ဖျက်ရာတွင် ခန္ဓာကိုယ်၏ခုခံအားကို အားကောင်းစေသည်။ သဘာဝအဆိပ်ကို ဖယ်ရှားပေးသည့် ဂုဏ်သတ္တိများက အသက်ရှူလမ်းကြောင်းကို ရှင်းလင်းစေပြီး အဆုတ်တစ်ခုလုံး၏လုပ်ဆောင်ချက်ကိုကောင်းမွန်စေရန် ကူညီပေးသည်။

**နှမ်းကြိတ်စေ့**

နှမ်းကြိတ်စေ့သည် အပင်အခြေခံ Omega-3 Fatty acid ကြွယ်ဝသောရင်းမြစ်ဖြစ်သဖြင့် လေထုညစ်ညမ်းမှုကြောင့် အဆုတ်ရောင်ရမ်းခြင်းနှင့် ဓာတ်မတည့်မှုအတွက် တုံ့ပြန်မှုများကို လျှော့ချပေးသည်။ အဆုတ်တစ်သျှူးများကို ကာကွယ်ပေးပြီး လေထုအရည်အသွေးညံ့ဖျင်းမှုကြောင့်ဖြစ်ပေါ်လာသော ဓာတ်တိုးဖိစီးမှုမှ ပြန်လည်ကောင်းမွန်လာစေရန် ကူညီပေးသည်။ နှမ်းကြိတ်စေ့ကို လှော်ပြီး နေ့စဉ်တစ်ဇွန်းစားသုံးခြင်း သို့မဟုတ် အသုပ်နှင့်ဖျော်ရည်များ သို့မဟုတ် ဒိန်ချဉ်ပေါ်တွင်ဖျန်း၍ စားသုံးပေးခြင်းသည် အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကို မြှင့်တင်ပေးသည်။

**ဟင်းနုနယ်ရွက်**

ဟင်းနုနယ်ရွက်တွင် အဆုတ်ကျန်းမာရေးအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်-A၊ C နှင့် E ကြွယ်ဝစွာပါဝင်ပြီး အောက်ဆီဂျင်သယ်ယူပို့ဆောင်ရေးနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ လုပ်ဆောင်ချက်များကို မြှင့်တင်ပေးသည့် မဂ္ဂနီဆီယမ်နှင့် ဖောလိတ်တို့ပါဝင်သည်။ ဟင်းနုနယ်ရွက်ကို ပုံမှန်စားသုံးပေးခြင်းဖြင့် ခန္ဓာကိုယ်မှ ဖရီးရယ်ဒီကယ်များကို တိုက်ဖျက်နိုင်သော ကိုယ်ခံစွမ်းအားကို မြှင့်တင်ပေးပြီး လေထုညစ်ညမ်းမှုများနှင့် ကြာရှည်ထိတွေ့ခြင်းကြောင့်ဖြစ်သော ရောင်ရမ်းမှုကို လျော့နည်းစေသည်။

**ဗာဒံစေ့**

ဗာဒံစေ့တွင် ဗီတာမင်-E ကြွယ်ဝစွာပါဝင်ပြီး ညစ်ညမ်းမှုနှင့် အဆိပ်အတောက်များကြောင့် အဆုတ်တစ်သျှူးများပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်သည့် အစွမ်းထက်သော အင်တီအောက်စီးဒင့်တစ်မျိုးဖြစ်သည်။ ပရိုတင်းဓာတ်နှင့် မဂ္ဂနီဆီယမ်တို့ပါဝင်သောကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာကျန်းမာရေးကို အထောက်အကူပြုသည်။ ဗာဒံစေ့ကို နေ့စဉ် လက်တစ်ဆုပ်စာ သို့မဟုတ် ကျန်းမာရေးနှင့်ညီညွတ်သော သရေစာအဖြစ်စားသုံးခြင်းသည် အဆုတ်ကို ကာကွယ်ပေးနိုင်သည်။

**ပန်းဂေါ်ဖီစိမ်း**

ပန်းဂေါ်ဖီစိမ်းတွင် ဗီတာမင်-A၊C နှင့် K တို့ပါဝင်ပြီး အစွမ်းထက်သော အင်တီအောက်စီးဒင့်များနှင့် အဆိပ်ဖယ်ရှားပေးနိုင်သော အင်ဇိုင်းများပါဝင်သည်။ အသည်း၏ သဘာဝအဆိပ်အတောက်များအား ဖယ်ရှားသောလုပ်ငန်းစဉ်ကို ပံ့ပိုးပေးပြီး ခန္ဓာကိုယ်မှ အန္တရာယ်ရှိသော အဆိပ်အတောက်များကို ပိုမိုထိရောက်စွာ ဖယ်ရှားပေးသည်။ ပန်းဂေါ်ဖီစိမ်းကို ပုံမှန်စားသုံးခြင်းက ကိုယ်ခံစွမ်းအားကို ကောင်းစေပြီး ရောင်ရမ်းမှုကို လျှော့ကျစေကာ အသက်ရှူလမ်းကြောင်းစနစ်ကို ညစ်ညမ်းစေခြင်းမှ ကာကွယ်ပေးနိုင်သည်။ လေ့လာမှုများအရ ပန်းဂေါ်ဖီစိမ်းတွင်ပါဝင်သော အစွမ်းထက်ဒြပ်ပေါင်းများသည် ကင်ဆာကို တိုက်ဖျက်နိုင်သော ဂုဏ်သတ္တိများရှိသောကြောင့် ရေရှည်အဆုတ်ကျန်းမာရေးအတွက် အကျိုးအပြုဆုံးအသီးအရွက်များထဲမှ တစ်ခုဖြစ်လာနိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

**Quercetin မြင့်မားသောအစားအစာများ**

Quercetin သည် ကြက်သွန်နီ၊ ကိုက်လန်၊ ပန်းသီးနှင့် ဘယ်ရီသီးများတွင် တွေ့ရသော Flavonoid ဖြစ်သည်။ စပျစ်သီး၊ လိမ္မော်သီး၊ ချယ်ရီသီး၊ ပန်းဂေါ်ဖီစိမ်းနှင့် လက်ဖက် အထူးသဖြင့် လက်ဖက်စိမ်းတို့တွင် ပါဝင်သည်။ အစွမ်းထက်သောဓာတ်တိုးဆန့်ကျင်ပစ္စည်းနှင့် Histamine ထုတ်လွှတ်မှုကို လျှော့ချပေးသောကြောင့် ဓာတ်မတည့်မှုနည်းပါးပြီး အဆုတ်တစ်သျှူးများတွင် ရောင်ရမ်းမှုကိုလျှော့ပါးစေသည်။ အပူလွန်ကဲခြင်းသည် ဒြပ်ပေါင်းကို ပျက်စီးစေနိုင်သောကြောင့် Quercetin အများဆုံးရရှိရန် အဆိုပါအစားအစာများကို ဖြည့်စွက်စာအနေဖြင့် အစိမ်းလိုက် သို့မဟုတ် အနည်းငယ်သာကြော်ချက်၍ စားသင့်သည်။ လေ့လာမှုတချို့တွင် Quercetin သည် အဆုတ်၏လုပ်ဆောင်ချက်ကိုကောင်းမွန်စေပြီး နာတာရှည်အဆုတ်ရောဂါရှိသူများတွင် ရောဂါလက္ခဏာများကို သက်သာစေကြောင်း ပြသထားသည်။

အချုပ်အားဖြင့်ဆိုရသော် အစားအသောက်သည် လေထုညစ်ညမ်းမှု၏ အသက်ရှူလမ်းကြောင်းဆိုင်ရာ သက်ရောက်မှုများကိုဆန့်ကျင်သည့် အရေးကြီးသော အစီအမံတစ်ခုဖြစ်နိုင်ကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။ ဓာတ်တိုးဆန့်ကျင်မှုနှင့် ရောင်ရမ်းမှုကိုဆန့်ကျင်သည့် လုပ်ဆောင်ချက်များမှတစ်ဆင့် ဆောင်းရာသီတွင် လေထုညစ်ညမ်းမှုနှင့်ပတ်သက်သောအဆုတ်ကျန်းမာရေးကို အကာအကွယ်ပေးနိုင်သည့် ဖော်ပြပါအသီးအနှံများနှင့် အစေ့အဆန်များကို သင့်တင့်မျှတစွာ ပုံမှန်စားသုံးခြင်းသည် အဆုတ်ကို သဘာဝအတိုင်း သန့်စင်စေနိုင်ကြောင်း ကျန်းမာရေးသုတအနေဖြင့် ရေးသားလိုက်ရပါသည်။

ဒေါက်တာသိဂ်ီကျော်

# အငွမအကြိမ်မြောက်ဗုဒ္ဓပူဇနီယပွဲနှင့် သံဃာ့ဒါန ဆွမ်းသပိတ်လောင်းလှူပွဲကျင်းပ



**မြစ်ကြီးနား ဒီဇင်ဘာ ၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာ နယ်မြေ(၅)ရှိ ဓမ္မပါရဂူရေဦးကျောင်းတိုက်၌ တည်ထားကိုးကွယ်လျက်ရှိသည့် "ရာဇမဏိစူဠာနန်းဦး" စေတီတော်၏ အငွမအကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲနှင့် သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူပွဲကို ဒီဇင်ဘာလ ၈ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ ဓမ္မပါရဂူရေဦးကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ဘဒ္ဒန္တရာဇိန္ဒ ဦးဆောင်သည့် ဆရာတော်၊ သံဃာတော်များက "ရာဇမဏိစူဠာနန်းဦး"စေတီတော်ကြီးအား ဗုဒ္ဓဘိသေကအနေကဇာတင်ပူဇော်ကြပြီး အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြစ်ကြီးနားမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းတိုက်ပေါင်း ၅၀ မှ ဆရာတော်ကြီးများ၊ သံဃာတော်များနှင့် ရှင်သာမဏေအပါး ၆၈၀ အား ဆွမ်းသပိတ်နှင့် လှူဖွယ်ဝတ္ထုအစုစုဖြင့် အလှူရှင်များက လောင်းလှူကြပြီး ဆရာတော်ဘဒ္ဒန္တရာဇိန္ဒက ကြွရောက်တော်မူလာသည့် ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ငွေကျပ်သိန်း ၂၀၀ ခန့်ဖြင့် စာရေးတံမဲဖွင့်ဖောက်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက မြစ်ကြီးနားမြို့ နောင်ခမ်းရှမ်းရွာ ကံသာရာမကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တလက္ခဏထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာ့ဒါနဆွမ်းသပိတ်လောင်းလှူခြင်းနှင့် စာရေးတံမဲအလှူတော်တို့အတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရသည်။

(၄၀၃)

# စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြော

**နေပြည်တော် ဒီဇင်ဘာ ၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ဒီဇင်ဘာလ ၈ ရက်က စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်စကားဝိုင်းနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

လူငယ်စကားဝိုင်းတွင် တပ်ကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ်ဆောင်ရွက်ပြီး မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများဖြစ်ကြသော မဟာန်နွယ်ကိုကို၊ မနိုးနိုးလှိုင်၊ မမိမိစန်း၊ မနေခြည်ဇော်တို့က လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် အနာဂတ်၊ လူငယ်နှင့်တာဝန်၊ လူငယ်နှင့် ပညာခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များမေးမြန်းကြရာဦးဆောင်ဆွေးနွေးသည့်ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးသည်။

ထို့နောက် ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများနှင့်မေးခွန်းများ မေးမြန်းကြသည့် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုလက်ဆောင်များပေးအပ်ကြောင်း သိရသည်။

(၄၁၃)

# ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု ၆၃ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီး

**ပျော်ဘွယ် ဒီဇင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် ခရိုင်/မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုကွင်းဆင်းစစ်ဆေးပြီး ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းက သတ်မှတ်စံချိန်စံညွှန်းနှင့်အညီအရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ အရှည် ၁ ဒသမ ၆ မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၂ ပေ ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၆၆၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၆၃ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **ဇင်မာ**



# လူသားရင်းမြစ် ပုံဖော်လှစ်ကြ

❖ ညီညွတ်ခြင်းသည်၊ ပြည်တွင်းအင်အား<br>ထင်ရှားသက်သေ၊ ပြလျက်နေပြီ<br>သည်မြေမှာနေ၊ သည်မြေမှီပြု<br>ပြည်ထောင်စုသွေး၊ ရင်မှာမွေးလျက်<br>တစ်ပြေးညီညီ၊ တို့မြန်ပြည်ကို<br>ဒီမိုကရေစီ၊ တည်ဆောက်သည်နှင့်။

❖ တို့ပြည်အတွက်၊ ရှေ့ဆက်လက်၍<br>ဖက်ဒရယ်စနစ်၊ ချမှတ်ရစ်ကာ<br>ပစ်ခတ်ရပ်ရေး၊ ငြိမ်းချမ်းတေးနှင့်<br>အေးတူပူမျှ၊ တူတကွဟု<br>မြို့ပြပြည်ရွာ၊ စည်ပင်သာဖို့<br>ပညာပြည့်ဝ၊ နလုံးလှ၍<br>လောကပြည်သူ၊ ငြိမ်းချမ်းမှုကို<br>ရယူရေရှည်၊ တည်တံ့သည်နှင့်။

❖ သြော်...တိုင်းပြည်ဖွံ့ဖြိုး၊ ဝင်ငွေတိုးဖို့<br>စိုက်ပျိုးစပါး၊ သီးနှံများနှင့်<br>ကျွဲနွားမွေးမှု၊ လုပ်ကိုင်ပြုကြ<br>လူမှုစီးပွား၊ မြှင့်တင်ငြား၍<br>လျာထားချက်ညီ၊ စဉ်ပြည့်မီလျက်<br>ပြည်သူများထွေ၊ စားဝတ်နေကို<br>ပြေလည်အကျိုး၊ ဆောင်သယ်ပိုးကြ<br>အမျိုးသားစီးပွား၊ တိုးမြှင့်မား၍<br>လူသားရင်းမြစ်၊ ပုံဖော်လှစ်ကြ<br>ခေတ်မီဖွံ့ဖြိုး၊ တိုးတက်ဖို့<br>ဖြစ်တည်ကောင်းကျိုး မျိုးဆက်သို့။ ။

ကျော်လွင်ဦး(ပျဉ်းမနား)

# ရွှေဘိုခရိုင်၌ ပဲကြီးဧက ၁၀၀၀ကျော် စိုက်ပျိုးပြီးစီး

**ရွှေဘို ဒီဇင်ဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်ပဲကြီး ၃၄၇၅ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ်အောက်တိုဘာလမှစတင်၍ စိုက်ပျိုးခဲ့ရာ ဒီဇင်ဘာလ ၈ ရက်အထိ ခင်ဦးမြို့နယ်တွင် ၄၈၈ ဧကနှင့်ဝက်လက်မြို့နယ်တွင် ၈၅၄ ဧက စုစုပေါင်း ၁၃၄၂ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှစာရင်းများအရ သိရသည်။

ရွှေဘိုခရိုင်၌ ပဲကြီးစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ဧက ၁၃၅၀ နှင့်ဝက်လက်မြို့နယ်တွင် ၂၁၂၅ ဧက စုစုပေါင်း ၃၄၇၅ ဧကတို့ဖြစ်သည်။

ပဲကြီးစိုက်ပျိုးမည့်တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကိုစိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၀၉)

# လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော် ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကျင်းပ



နေပြည်တော်  ဒီဇင်ဘာ  ၉

လယ်ဝေးမြို့ ဖောင်တော်ချက်မစေတီတော်ပြန်လည်ပြုပြင်ရန်အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲနှင့် ပန္နက်တော်တင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဖောင်တော်ချက်မစေတီတော် ပရိဝုဏ် နဂါးစောင်းတန်း၌ ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ အမှူးပြုသော ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လယ်ဝေးမြို့ ပေါက်မြိုင်ပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယကဆရာတော်ထံမှ ညွှဲ့ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်၍ ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကာ ဥပါသကာများက ဆရာတော်သံဃာတော်များထံမှ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ကျောက်များကိုယူဆောင်၍ စေတီတော်ဝတ္ထုကံအတွင်း ပက်ဖျန်းကြဲဖြန့်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး နေပြည်တော်ကော်စီဥက္ကဋ္ဌနှင့် ဘုရားဒါယကာ၊ ဒါယိကာမများနှင့်အတူ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် ရတနာပန္နက်တော်များကို ဆရာတော်သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အလှူရှင်များက အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး လယ်ဝေးမြို့ လောသရက်တောကျောင်း မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြသည်။

ထို့နောက် ဒေဝါဝင်း၊ ရာဇာဝင်းများက သတ်မှတ်နေရာများတွင် ကြိုတင်နေရာယူပြီး ဥပါသကာများက ရတနာပန္နက်တော်များကို ပင့်ဆောင်၍ စေတီတော်ဝတ္ထုကံအတွင်း လက်ယာရစ်လှည့်လည်ပူဇော်ကာ ရတနာပန္နက်တော်တင်လှူကြမည့် ဘုရားဒါယကာများက မင်္ဂလာအချိန်တွင် ရတနာပန္နက်တော်(၉)ချက်တင်၍ တစ်ပြိုင်တည်း တွင်းတော်ဝန်းပြီး ပရိတ်နံ့သာရည်ဖြင့် ပက်ဖျန်းပူဇော်ကြကြောင်း သိရသည်။

မြဝတီ

# ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ




နေပြည်တော်  ဒီဇင်ဘာ  ၉

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ) ဦးဆောင်၍ လုပ်ငန်းအဖွဲ့ဝင်များဖြင့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ ညနေ ၃ နာရီတွင် Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိသူများ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့ဝင်များနှင့် တိုးတက်မှုအစီရင်ခံစာမူကြမ်းစိစစ်ရေးသားရေးအဖွဲ့ဝင်များဖြစ်သည့် ဥပဒေရေးရာဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကော်မရှင်အဖွဲ့ရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် (ဥပဒေရေးရာနှင့် မှုခင်းဌာနကြီး၊ နိုင်ငံဖြတ်ကျော်မှုခင်းဌာနကြီး)၊ မှုခင်းရဲတပ်ဖွဲ့၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာလုပ်ငန်းအဖွဲ့၏ ဥက္ကဋ္ဌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက မြန်မာနိုင်ငံ၏ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ (၁၆) ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် အာရှပစိဖိတ်ဒေသပူးတွဲအဖွဲ့ (APJG)မှ အကဲဖြတ်သူများ၏ ထပ်မံမေးမြန်းအကြံပြုချက်များကို ထိရောက်မှန်ကန်စွာ ပြန်လည်ရှင်းလင်းဖြေကြားနိုင်ရေးအတွက် လိုအပ်သည့်အချက်အလက်များနှင့် ထပ်မံဖြည့်စွက်ဖြေကြားရမည့်အချက်အလက်များကိုလည်းကောင်း၊ APJG မျက်နှာချင်းဆိုင်အစည်းအဝေးတက်ရောက်ရာတွင် ကြိုတင်ပြင်ဆင်ရန် လိုအပ်သည့်အချက်များကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ထိုင်းနိုင်ငံ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးရုံးမှ သင်တန်းနှင့် နည်းပညာအကူအညီပေးအပ်မည့်ကိစ္စနှင့် စပ်လျဉ်း၍ စီစဉ်ထားရှိရမည့်အချက်များကို မှာကြားသည်။

ယင်းနောက် လုပ်ငန်းအဖွဲ့၏ ဒုတိယဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်းက APJG မှ အကဲဖြတ်သူများက ထောက်ပြမေးမြန်းချက်များအပေါ် မိမိတို့အနေဖြင့် ဆုံးရှုံးနိုင်ခြေများကို ကောင်းမွန်စွာသိရှိနားလည်ကြောင်းပြသပြီး သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်း၍ ပြည့်ပြည့်စုံစုံဖြင့် ရှင်းလင်းတင်ပြဖြေဆိုသွားမည်ဖြစ်ကြောင်းနှင့် ထည့်သွင်းစဉ်းစားရမည့်အချက်များကိုလည်း အကြံပြုဆွေးနွေးသည်။

ဆက်လက်၍ လုပ်ငန်းအဖွဲ့ အတွင်းရေးမှူး (ကိုယ်စား) ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့ ဒုတိယအဖွဲ့ခေါင်းဆောင် ရဲမှူးကြီးမြင့်စိုးက (၁၆)ကြိမ်မြောက် တိုးတက်မှုအစီရင်ခံစာအပေါ် ထပ်မံမေးမြန်းလာသည့် မေးခွန်းများကို အသေးစိတ်ရှင်းလင်းတင်ပြပြီး ပြန်လည်ဖြေဆိုနိုင်ရေးအတွက် တိုးတက်မှုအစီရင်ခံစာမူကြမ်းစိစစ်ရေးသားရေးအဖွဲ့မှပြင်ဆင်ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြရာ အစည်းအဝေး တက်ရောက်လာသူများက ပံ့ပိုးပေးမည့်အချက်အလက်များ၊ ပူးပေါင်းဆောင်ရွက်မည့်အခြေအနေများနှင့် အခြားလိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# အာဆီယံ အဆင့်မြင့်အရာရှိကြီးများအဆင့် ရုပ်သံအစီအစဉ် ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကျင်းပ




နေပြည်တော်  ဒီဇင်ဘာ  ၉

အာဆီယံ အဆင့်မြင့်အရာရှိကြီးများအဆင့်ရုပ်သံအစီအစဉ်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ (SOMRI WG_CP) ၏ ဒသမအကြိမ်မြောက် လုပ်ငန်းအဖွဲ့အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိမြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ရုပ်သံအစီအစဉ်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအစုအဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြသည်။

အစည်းအဝေးတွင် ၂၀၂၅ ခုနှစ်အတွင်း ကျင်းပခဲ့သည့် အာဆီယံထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများတွင် အာဆီယံဒေသတွင်း ရုပ်သံအစီအစဉ်များ ထုတ်လုပ်မှုနှင့်စပ်လျဉ်းပြီး ဆုံးဖြတ်ချက်ချမှုများနှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု၊ အာဆီယံ သတင်းမီဒီယာကဏ္ဍဆိုင်ရာ မဟာဗျူဟာစီမံကိန်း (၂၀၁၆–၂၀၂၅) အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့မှု၊ အာဆီယံဆွေးနွေးဖက်နိုင်ငံများနှင့် ချိတ်ဆက်ပြီး စီမံကိန်းများဆောင်ရွက်မှု၊ စီမံကိန်းအသစ်များ အဆိုပြုလွှာတင်သွင်းမှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့အတူ တက်ရောက်လာကြသည့် ကိုယ်စားလှယ်များက အာဆီယံသတင်းမီဒီယာကဏ္ဍဆိုင်ရာမဟာဗျူဟာစီမံကိန်း၏ လုပ်ငန်းစီမံချက်(၂၀၂၆–၂၀၃၅) အား ရေးဆွဲအတည်ပြုနိုင်ရေး၊ အာဆီယံဆက်သွယ်ရေး မဟာဗျူဟာစီမံကိန်းအမှတ်(၃) (၂၀၂၆–၂၀၃၀) ရေးဆွဲဆောင်ရွက်နေမှု၊ ဒုတိယအကြိမ်မြောက် SOMRI Chairs, WG–Chairs and SCI Chair and Vice–Chair Persons များ၏ အစည်းအဝေးဆွေးနွေးမှုရလဒ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အာဆီယံအဆင့်မြင့်အရာရှိကြီးများအဆင့် အာဆီယံရုပ်သံအစီအစဉ်ထုတ်လုပ်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့သည် အာဆီယံဒေသတွင်း ရုပ်သံအစီအစဉ်များ ထုတ်လုပ်မှုအရည်အသွေး မြင့်မားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကတာဝန်ယူဆောင်ရွက်သည့်အဖွဲ့ဖြစ်ပြီး အဖွဲ့ဝင်ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့အတွက် အလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိကာ ၂၀၂၆ ခုနှစ်တွင် (၁၁) ကြိမ်မြောက် WG_CP အစည်းအဝေးကို လက်ခံကျင်းပရန် လျာထားဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြဝတီ

# အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၉

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီတို့ပူးပေါင်းကျင်းပသည့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ် အေလာမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး ဦးစွာ အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းမှကျောင်းသား၊ ကျောင်းသူလေးများက ဇာတိမာန်သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ က ကျောင်းသား၊ ကျောင်းသူ လူငယ်များကို အသိပညာ၊ အတတ်ပညာဖွံ့ဖြိုးတိုးတက်ပြီး ဗလငါးတန်နှင့်ပြည့်စုံစေကာ ယဉ်ကျေးလိမ္မာပြီး အမှားအမှန်ကို ဝေဖန်ပိုင်းခြားစဉ်းစားနိုင်သည့် အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့်လူငယ်များ ဖြစ်လာစေရန်နှင့် စိတ်ဓာတ်ခွန်အားများ ရရှိစေရန်အတွက် ရည်ရွယ်ကျင်းပသည့် လူငယ်အသိပညာပေးဟောပြောပွဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်) အား ဂုဏ်ပြုလက်ဆောင်ပေးအပ်ပြီး အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူငွေများပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်ကအမှာစကားပြောကြားကာ အေလာမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းတွင် အမျိုးသားစာပေဆုရ စာရေးဆရာ အောင်စိုး(တိရစ္ဆာန်ဆေးကုဆရာဝန်) က စည်းကမ်းတန်ဖိုးနှင့်မူးယစ်ဆေးအန္တရာယ်ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကာ နေပြည်တော် လူငယ်ရေးရာတာဝန်ခံ၊ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်စိုးလင်းက ဉာဏ်စမ်းပဟေဠိမေးမြန်းပြီး ကျောင်းသား၊ ကျောင်းသူများကို ဌာနဆိုင်ရာအကြီးအကဲများက ဆုလက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းလင်း(ဧယျာမြေ)**

# မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ အစည်းအဝေးကျင်းပ



နေပြည်တော် ဒီဇင်ဘာ ၉

မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီ (၃/၂၀၂၅) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည်။

အစည်းအဝေးသို့မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်မျိုးသန့်၊ ဒုတိယဥက္ကဋ္ဌ(၂) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မတီဝင်များနှင့်သက်ဆိုင်ရာဝန်ကြီးဌာနများမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ-ထိုင်းနယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့ လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ခြောက်သွေ့ရာသီဖြစ်သော နှစ်စဉ်ဇန်နဝါရီလမှမေလအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုများဖြစ်ပေါ်လေ့ရှိပြီး နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် နယ်နိမိတ်ချင်းထိစပ်နေသည့် နိုင်ငံများအကြား မကြာခဏကြုံတွေ့ရလေ့ရှိသဖြင့် ပွင့်လင်းရာသီမရောက်မီ ထိန်းချုပ်လျှော့ချရေးလုပ်ငန်းစဉ်များကိုအလေးထားပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် Fire Hotspot ဖြစ်ပေါ်မှုအရေအတွက်၊ သိပ်သည်းဆပေါ်မူတည်၍ ဦးစားပေးဒေသများသတ်မှတ်ပြီး ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်း **“အစား”** ကုန်းမြင့်လယ်ယာစိုက်ပျိုးခြင်း၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများမှမြေဩဇာပြုလုပ်ခြင်း၊ သစ်တောအတွင်း မီးမဆင်မခြင်အသုံးပြုမှုကို တားဆီးခြင်း၊ ဒေသခံပြည်သူများအား အသိပညာပေးခြင်း၊ Fire Hotspot ဖြစ်ပေါ်မှုအခြေအနေအား စောင့်ကြည့်လေ့လာခြင်း၊ ဝန်းကျင်လေထုအရည်အသွေးတိုင်းတာခြင်း၊ မီးခိုးမြူငွေ့ညစ်ညမ်းမှုဖြစ်ပေါ်လာပါက ဆောင်ရွက်ရမည့်အစီအမံများချမှတ်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့်လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၂၅ ခုနှစ်အတွင်း မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ရာ အဓိကမီးလောင်မှုဖြစ်ပေါ်ရသည့် အကြောင်းရင်းများအနေဖြင့် အများစုမှာ တောင်ယာခုတ်ထွင်ရှင်းလင်းရန် မီးရှို့မှု၊ ရိုးပြတ်များမီးရှို့မှုနှင့် တောမီးလောင်ကျွမ်းမှုတို့ကြောင့်ဖြစ်ကြောင်း၊ အဆိုပါဒေသများတွင် မီးလောင်ကျွမ်းမှုထပ်မံဖြစ်ပေါ်မှုမရှိစေရေးအတွက် တောင်ယာမီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းများဆောင်ရွက်ခြင်းမပြုစေရေး ကြိုတင်အသိပညာပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ-ထိုင်း နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဖြေရှင်းဆောင်ရွက်ရေးကော်မတီဒုတိယဥက္ကဋ္ဌ(၂) ဒုတိယဝန်ကြီးက တောမီးလောင်ကျွမ်းမှုကြောင့်ဖြစ်ပေါ်လာသည့် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် ဂေဟစနစ်နှင့် လူသားများ၏ကျန်းမာရေးအတွက် ကြိုတင်ကာကွယ်ရန် လိုအပ်သည့်အပြင် တောမီးလောင်ကျွမ်းမှုကြောင့် အကျိုးသက်ရောက်မှုတစ်ခုဖြစ်သည့် နယ်နိမိတ်ဖြတ်ကျော် မီးခိုးမြူငွေ့လေထုညစ်ညမ်းမှုသည် သိသာထင်ရှားသည့်ဆိုးကျိုးတစ်ခုဖြစ်သည့်အတွက်ကော်မတီဝင်များအနေဖြင့် မြန်မာ-ထိုင်းနယ်စပ်ဒေသများတွင်သာမက တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများ ထိရောက်အောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ပွင့်ပွင့်လင်းလင်းဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက ကော်မတီ၏ ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ဆဲအခြေအနေ၊ မြန်မာနိုင်ငံအတွင်း Fire Hotspot လျှော့ချရေးနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီဝင်များနှင့် ကိုယ်စားလှယ်များက ကော်မတီ၏လုပ်ငန်းများဆောင်ရွက်နေမှုကို သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# မန္တလေးလျှင်ကြီးဖြစ်စဉ်တွင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခဲ့မှုများအား လုပ်ငန်းဆန်းစစ်သုံးသပ်မှု အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၉

မန္တလေးလျှင်ကြီးဖြစ်စဉ်တွင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခဲ့မှုများအား လုပ်ငန်းဆန်းစစ်သုံးသပ်မှု အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ရုံးအမှတ်(၄၇)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ မန္တလေးလျှင်ကြီး ဘေးအန္တရာယ်ကျရောက်ခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှကျန်းမာရေးကဏ္ဍဆိုင်ရာတာဝန်ရှိသူများနှင့် အထူးကုဆရာဝန်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ဒုတိယဝန်ကြီးက သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များတွင် အသက်ကယ်ကုသမှုလုပ်ငန်းများသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့်အလားတူပင် ချက်ချင်းဆောင်ရွက်ရသောလုပ်ငန်းများဖြစ်ကြောင်း၊ မန္တလေးလျှင်ကြီးတွင် ကျန်းမာရေးဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိမှု၊ ကျန်းမာရေးဌာန အဆောက်အအုံ ထိခိုက်ပျက်စီးမှုများနှင့် ဆက်သွယ်ရေးလမ်းကြောင်းနှောင့်နှေးမှုများရှိခဲ့သော်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နီးနွယ်ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းချိတ်ဆက်ကာ နည်းလမ်းအမျိုးမျိုးဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား လစ်ဟင်းမှုမရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် ကျန်းမာရေးကဏ္ဍမှဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး ပိုမိုတိုးတက်ကောင်းမွန်ရန် လိုအပ်သည့်အချက်များအား ဆွေးနွေးအကြံပြုကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် အခြေခံကျန်းမာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာထွန်းတင်တို့က မန္တလေးလျှင်ကြီးဖြစ်စဉ်တွင် ကျန်းမာရေးကဏ္ဍဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၁၀ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**မြဝတီ**

## (၉-၁၂-၂၀၂၅) ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

# ကျွန်ုပ်တို့ နေ့စဉ်မရှိမဖြစ်လိုအပ်သောအရာ

ဇော်မျိုးမင်း




ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း(Universal Declaration of Human Rights, UDHR)ကို ၁၉၄၆ ခုနှစ်တွင် စတင်ရေးဆွဲခဲ့ကြပြီး နှစ်နှစ်အကြာ ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်တွင် ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကနေ၍ ထိုကြေညာစာတမ်းကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။ ယင်းနေ့ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ဒီဇင်ဘာလ ၁၀ ရက်ကို အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ဟုသတ်မှတ်ခဲ့ပြီး ကမ္ဘာတစ်ဝန်းလုံးတွင် ကျင်းပလျက်ရှိရာ ယခု ၂၀၂၅ ခုနှစ်တွင် (၇၇)နှစ်မြောက် အခါသမယကိုရောက်ရှိလာပြီဖြစ်သည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့အတွက် ကုလသမဂ္ဂအဖွဲ့ကြီးက သတ်မှတ်ထားသော ဆောင်ပုဒ်မှာ "Our Everyday Essentials " “ကျွန်ုပ်တို့ နေ့စဉ်မရှိမဖြစ်လိုအပ်သောအရာ” ဟူ၍ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ဆောင်ပုဒ်သည် လူသားတိုင်းဂုဏ်သိက္ခာနှင့်လုံခြုံမှုရှိသော ဘဝတစ်ခုအတွက် အခြေခံလိုအပ်ချက်များဖြစ်သော ပျော်ရွှင်မှု၊ လုံခြုံရေးနှင့် အခွင့်အလမ်းတို့အတွက် အခြေအနေကောင်းများကို ဖန်တီးပေးရန်နှင့် ထိုသို့ဖန်တီးပေးနိုင်ရန်အတွက် ပညာပေးလှုံ့ဆော်ရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်သည်။

**လူ့အခွင့်အရေး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက “လူ့အခွင့်အရေးဆိုသည်မှာ လူတစ်ယောက်ချင်းဖြစ်စေ၊ အုပ်စုလိုက်ကိုဖြစ်စေ သူတို့၏အခြေခံလွတ်လပ်မှုများနှင့် လူသားဂုဏ်သိက္ခာများကို မထိခိုက်စေရန်ကာကွယ်ပေးထားသော လူသားအားလုံးနှင့်သက်ဆိုင်သည့် တရားရေးဆိုင်ရာအာမခံချက်”ဟူ၍ လူ့အခွင့်အရေးကို အဓိပ္ပာယ်ဖွင့်ဆိုထားသည်ကို တွေ့ရှိရသည်။ ထိုအဓိပ္ပာယ်အရ လူ့အခွင့်အရေးဆိုသည်မှာ လူတစ်ဦးချင်းခံစားခွင့်ရှိသလို လူအုပ်စုဝင်အလိုက်လည်း ခံစားခွင့်ရှိကြောင်းတွေ့ရှိရသည်။ လူ့အခွင့်အရေးဟူသော စကားလုံးပေါ်တွင် ပညာရှင်များ၏ အဓိပ္ပာယ်ဖွင့်ဆိုမှုမှာ ယနေ့တိုင် ပြီးပြည့်စုံခြင်းမရှိဘဲ ဆက်လက်ပေါ်ထွန်းလျက်ရှိနေသည်။ “လူ့အခွင့်အရေးဆိုသည်မှာ လူသားတစ်ယောက်ဖြစ်သောကြောင့် လူတို့တွင်ရှိသော အခွင့်အရေးဖြစ်ပြီး လူ့အခွင့်အရေးသည် လူသားအားလုံးအပေါ် ခွဲခြားခြင်းမရှိဘဲ လူတိုင်းအတွက် တန်းတူညီမျှစွာ ရှိနေသည်။ မည်သည့်အခွင့်အရေးသည် အရေးအကြီးဆုံး၊ မည်သည့်အခွင့်အရေးများသည် အရေးမကြီးဟူ၍လည်း သတ်မှတ်၍မရချေ။ တစ်ခုနှင့်တစ်ခုလည်း အပြန်အလှန်ဆက်စပ်လျက်ရှိနေပြီး လူ့အခွင့်အရေးဟူသော ခေါင်းစဉ်အောက်တွင် လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်အမှီသဟဲပြုလျက်ရှိကြသည်။

လူ့အခွင့်အရေးဆိုသည်မှာ လူသားတိုင်း မွေးရာပါပိုင်ဆိုင်သောအခြေခံအခွင့်အရေးတစ်ရပ်ဖြစ်ပြီး ငြိမ်းချမ်းစွာအသက်ရှင်ရပ်တည်ရန် မရှိမဖြစ်လိုအပ်သည့် အသက်သွေးကြောတစ်ခုလည်းဖြစ်သည်။ ရှေးဂရိခေတ်ကာလကတည်းက လူ့အခွင့်အရေးဟူသည် လူသားအဖြစ် မွေးဖွားလာခြင်းကြောင့် သဘာဝတရားဟု ယုံကြည်လက်ခံထားခဲ့ကြသည်။ လူ့အခွင့်အရေးသည် လူသားဆန်မှုသဘာဝမှ အဆင့်ဆင့်ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လူသားအားလုံးသည် အသက်ရှင်သန်ခွင့်၊ လွတ်လပ်ခွင့်နှင့် ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်ကို လူသားအဖြစ်မွေးဖွားခြင်းကြောင့် ခံစားထိုက်သည်ဟု ယုံကြည်ယူဆခဲ့ကြသည်။ အခြေခံအချက်များမှာ လူ့အခွင့်အရေးသည် ဥပဒေအရခံစားခွင့်ရှိသလို ကျင့်ဝတ်အရလုပ်ဆောင်သင့်သည်ဟူသော အချက်နှစ်ချက်စလုံးနှင့် သက်ဆိုင်နေသည်၊ လူတစ်ဦးတစ်ယောက်ချင်းဆိုင်ရာ အခွင့်အရေးများဖြစ်သလို အုပ်စုလိုက်နှင့်သက်ဆိုင်သော အခွင့်အရေးများဖြစ်ကြသည်။ သို့သော် ဤအခွင့်အရေးကို လက်တွေ့အသုံးချရာတွင် ဖြောင့်မတ်ရိုးသားမှု၊ တန်ဖိုးထားမှုနှင့် မိမိနိုင်ငံ၏အခြေအနေ၊ ဓလေ့ထုံးတမ်းများနှင့် လိုက်လျောညီထွေဖြစ်မှုတို့ပါဝင်ရန် အထူးလိုအပ်လှသည်။

**လူ့အခွင့်အရေး၏ သမိုင်းကြောင်း**

ထိုလူ့အခွင့်အရေးဟူသည့် ဝေါဟာရ၏အောက်တွင် ရှေးဟောင်းဥပဒေနှင့် ဘာသာရေးအယူဝါဒတို့၌ ဖော်ပြထားသော ဖြောင့်မတ်မှန်ကန်မှုသဘောတရားအချို့ ပါဝင်လာခဲ့သည်။

လူ့အခွင့်အရေးလှုပ်ရှားမှုများသည် ၁၉၇၀ ပြည့်နှစ်ကျော်တွင် ကြီးထွားလာခဲ့ရာ ဤလှုပ်ရှားမှုများသည် အမေရိကန်ပြည်ထောင်စုနှင့် လက်တင်အမေရိကတို့မှလည်း အဓိကထောက်ပံ့ပြီး အထူးသဖြင့် ဥရောပအရှေ့ပိုင်းနှင့်အနောက်ပိုင်းရှိ ယခင်ဆိုရှယ်လစ်တို့မှဖြစ်သည်။ နိုင်ငံပေါင်းအတော်များများတွင် လူမှုရေးဆိုင်ရာ လှုပ်ရှားပြောင်းလဲရေးနှင့် နိုင်ငံရေးဆိုင်ရာ ဖွင့်ဟပြောဆိုမှုတို့သည် ကမ္ဘာ့လုပ်ငန်းစဉ်တွင် ရှေ့တန်းတင်ထားမှုကြောင့် လှုပ်ရှားမှုသည် လျင်မြန်စွာ ပုံပေါ်လာခဲ့သည်။

**လူ့အခွင့်အရေးအမျိုးအစားများ**

လူ့အခွင့်အရေးအမျိုးအစားများကို ရရှိခံစားခွင့်ရှိသောသူအလိုက်လည်း အုပ်စုသတ်မှတ်ခွဲခြားနိုင်သလို အခွင့်အရေး၏ သဘောသဘာဝပုံစံအလိုက်လည်း ခွဲခြားနိုင်သည်။ ရရှိခံစားခွင့်ရှိသောသူအလိုက် အုပ်စုသတ်မှတ်ခွဲခြားရာတွင် လူသားတစ်ဦးစီ၏အခွင့်အရေး (Individual Rights)၊ အုပ်စုလိုက်၏အခွင့်အရေး (Group Rights)ဟူ၍ အမျိုးအစားနှစ်မျိုးခွဲခြားနိုင်သည်။ လူ့အခွင့်အရေးကို သဘောသဘာဝအလိုက်ခွဲခြားမည်ဆိုပါကသုံးမျိုးခွဲခြားနိုင်သည်။ ထိုအမျိုးအစားများမှာ နိုင်ငံသားအခွင့်အရေး၊ နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေး၊ လူမှုရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးတို့ဖြစ်သည်။ နိုင်ငံသားအခွင့်အရေး လုံခြုံခွင့်များနှင့် တရားစီရင်ရာတွင် အကာအကွယ်ပေးထားသည့် အခွင့်အရေးများကိုဆိုလိုသည်။ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးများသည်တစ်ဦးတစ်ယောက်ချင်းသဘောကိုဆောင်သည်။ နိုင်ငံရေးနှင့် နိုင်ငံသားအခွင့်အရေးဆိုင်ရာစာချုပ်တွင် လူသားများ၏အသက်ရှင်ခွင့်နှင့် လုံခြုံမှုကို စာချုပ်အဖွဲ့ဝင်နိုင်ငံများကလေးစားပြီး အကာအကွယ်ပေးရန်ဖြစ်သည်။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများတွင် ပြည်သူတို့၏ အရည်အသွေးစွမ်းဆောင်မှုများကို အစွမ်းကုန်ဖော်ထုတ်အသုံးချနိုင်ရန်နှင့် ပြည်သူတို့၏လူနေမှုဘဝများ အဆင့်ဆင့်တိုးတက်ကောင်းမွန်လာစေရန်အတွက် လိုအပ်သည့်အရာများကို အဆင့်ဆင့်ဖြည့်ဆည်းပေးရသည့် အခွင့်အရေးများကိုဆိုလိုသည်။

**ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်နှိုင်းယှဉ်ခြင်း**

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတွင် အပိုဒ်(၃၀)ပါရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)တွင် ပုဒ်မပေါင်း ၄၅၇ ခု နောက်ဆက်တွဲဇယား (၅)ခုပါရှိသည်။ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၂)တွင် လူတိုင်းသည် လူမျိုး၊ အသားအရောင်၊ အမျိုးသား၊ အမျိုးသမီး၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ နိုင်ငံသား သို့မဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇာစ်မြစ်၊ ပစ္စည်းဥစ္စာဂုဏ်၊ မျိုးရိုးဇာတိဂုဏ်နှင့် အခြားအဆင့်အတန်း စသည့် ခွဲခြားမှုမျိုးမရှိစေဘဲ ဤကြေညာစာတမ်းတွင်ဖော်ပြပါရှိသည့်အခွင့်အရေးနှင့် လွတ်လပ်ခွင့်အားလုံးကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ်(၇)တွင် လူအားလုံးတို့သည် ဥပဒေအရာ၌ တန်းတူရည်တူရှိကြပြီး ဥပဒေ၏တန်းတူကာကွယ်စောင့်ရှောက်မှုကို မည်သည့်ခွဲခြားဆက်ဆံမှုမျှမရှိစေဘဲ ခံစားပိုင်ခွင့်ရှိသည်ဟုလည်းကောင်း၊ အပိုဒ်(၁၈)နှင့်(၁၉)တို့တွင် လူတိုင်းတွင် လွတ်လပ်စွာတွေးခေါ်ခွင့်၊ အမှား/အမှန် ဝေဖန်ပိုင်းခြားခွင့်နှင့် ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့်လွတ်လပ်စွာထုတ်ဖော်ခွင့်ရှိသည်ဟုလည်းကောင်း ဖော်ပြထားကြောင်း တွေ့ရှိရသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ပေးရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၄၈ တွင် နိုင်ငံတော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာဘာသာ၊ ရာထူးဌာနန္တရ၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရဟုလည်းကောင်း၊ ပုဒ်မ ၃၄၉ တွင် နိုင်ငံသားများသည် ပြည်သူ့ဝန်ထမ်းတာဝန်ထမ်းဆောင်မှု၊ အလုပ်လုပ်ကိုင်မှု၊ ကုန်သွယ်ရောင်းဝယ်ဖောက်ကားမှု၊ စီးပွားရေးလုပ်ငန်းလုပ်ကိုင်မှု၊ အတတ်ပညာနှင့် အသက်မွေးဝမ်းကျောင်းမှု၊ ဝိဇ္ဇာပညာ၊ သိပ္ပံပညာနှင့် နည်းပညာရပ်များ ရှာဖွေဖော်ထုတ်မှုများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် တူညီသော အခွင့်အလမ်းရရှိစေရမည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၀ တွင် အမျိုးသမီးများသည် တူညီသော အလုပ်အတွက် အမျိုးသားများခံစားခွင့်ရှိသောအခွင့်အရေးနှင့် လစာတို့ကို ခံစားခွင့်ရှိသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားရာ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များသည် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်းနှင့် လိုက်လျောညီထွေရှိပြီး လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် သွေဖည်မှုမရှိကြောင်းတွေ့ရှိရသည်။

**လူ့အခွင့်အရေးကို လွဲမှားစွာ အသုံးချခြင်း**

မြန်မာနိုင်ငံတွင် “လူ့အခွင့်အရေး”၊ “ပြည်သူ့အတွက်” စသည့် စကားလုံးများသုံးနှုန်းကာ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများကို ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းများသည် လူ့အခွင့်အရေး၏ အနှစ်သာရကို ဆန့်ကျင်သည့်ရာဇဝတ်မှုများသာဖြစ်သည်။ ဤလုပ်ရပ်များသည် လူ့ဂုဏ်သိက္ခာ၊ ဘဝအာမခံချက်နှင့် တရားမျှတမှုကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ ဤသည်မှာ လူ့အခွင့်အရေးကို လွဲမှားစွာ အသုံးချခြင်းသာဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အခြေခံအုတ်မြစ်ကို ဖျက်ဆီးရန်ကြိုးပမ်းမှုသာဖြစ်ပေသည်။ ထို့ကြောင့် လူ့အခွင့်အရေးဟူသည် တရားဥပဒေဘောင်အတွင်းမှ ဖော်ဆောင်ပေးသော အခွင့်အရေးတစ်ရပ်ဖြစ်ပြီး **တရားဥပဒေမဲ့၊ ဘောင်မဲ့၊ စည်းမဲ့မဟုတ်ကြောင်း** ထင်ရှားစွာတွေ့ရှိရသည်။

အချုပ်အားဖြင့်ဆိုရသော် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့သည် လူမှုအသိုက်အဝန်းတစ်ခုလုံးတွင် လူ့အခွင့်အရေး၏အရေးပါမှုနှင့် အာမခံချက်ပေးထားမှုကို နိုင်ငံသားတိုင်းသိရှိစေရန်မီးမောင်းထိုးပြလျက်ရှိသည်။ နိုင်ငံသားတိုင်းအနေဖြင့် လူ့အခွင့်အရေးကို

စာမျက်နှာ ၁၄ သို့ ➲

**မြန်မာနိုင်ငံတွင် “လူ့အခွင့်အရေး”၊ “ပြည်သူ့အတွက်” စသည့် စကားလုံးများသုံးနှုန်းကာ ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများကို ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ အကြမ်းဖက်ခြင်းများသည် လူ့အခွင့်အရေး၏အနှစ်သာရကို ဆန့်ကျင်သည့် ရာဇဝတ်မှုများသာဖြစ်သည်။ ဤလုပ်ရပ်များသည် လူ့ဂုဏ်သိက္ခာ၊ ဘဝအာမခံချက်နှင့် တရားမျှတမှုကို ဖျက်ဆီးပစ်ခြင်းဖြစ်သည်။ ဤသည်မှာ လူ့အခွင့်အရေးကို လွဲမှားစွာအသုံးချခြင်းသာဖြစ်ပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး၏ အခြေခံအုတ်မြစ်ကိုဖျက်ဆီးရန်ကြိုးပမ်းမှုသာဖြစ်ပေသည်။**

၁ စာမျက်နှာ ၁၃ မှအဆက်

အမှန်တကယ်လိုလားသည်ဆိုပါက မိမိတို့နိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးရေးကို ထိပါးပျက်ပြားစေမည့် အပြုအမူ၊ အပြောအဆိုနှင့် စိတ်နေစိတ်ထားများကို ဖယ်ရှားရှောင်ကြဉ်ကာ မှန်ကန်မျှတမှုရှိသည့်၊ စည်းစနစ်ကျသည့် အခွင့်အရေးများကို ဖော်ဆောင်ကြရမည်ဖြစ်သည်။ ထိုသို့ ဖော်ဆောင်မှသာ လူ့အခွင့်အရေးဆိုသည်မှာ ငြိမ်းချမ်းပြီး တန်းတူညီမျှမှုရှိသည့် ကမ္ဘာကြီးအတွက် အခြေခံကျသည့် ခွန်အားတစ်ခုအဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာစေရေးအတွက် ဦးတည်ချက် (၄)ရပ်ချမှတ်ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသလို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း အေးချမ်းသာယာပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်သော လူ့အခွင့်အရေးစံနှုန်းမြင့်မားသည့်နိုင်ငံဖြစ်လာစေရေးအတွက် နိုင်ငံတော်အစိုးရနှင့်လက်တွဲကာ ပူးပေါင်းဆောင်ရွက်မှသာ အနာဂတ်အတွက် လုံခြုံစိတ်ချရသည့် လူ့အခွင့်အရေးများ ပိုမိုထွန်းကားလာမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ စာအုပ်ပြပွဲ နံရံကပ်စာစောင်ပြပွဲကျင်းပ



ကျောက်ဆည် ဒီဇင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောက်ဆည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ ဒီဇင်ဘာလ ၉ ရက်နံနက်ပိုင်းတွင် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကျင်းပသည်။

အသိပညာပေး ဟောပြောပွဲတွင် ကျောက်ဆည်ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက ကလေးအလုပ်သမားဆိုသည်မှာ ကလေးဘဝရှေ့အလားအလာနှင့်ဂုဏ်သိက္ခာတို့ကို ကင်းမဲ့စေပြီး ရုပ်ပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာသည့်အလုပ်မျိုးတွင် လုပ်ကိုင်နေရသူများကိုဆိုလိုကြောင်း၊ ကလေးများ၏စိတ်ပိုင်းဆိုင်ရာ၊ စာရိတ္တပိုင်းဆိုင်ရာ ထိခိုက်နစ်နာစေသည့်အလုပ်မျိုးနှင့် ပညာသင်ကြားရေးကို ထိခိုက်နစ်နာစေသည့်အလုပ်မျိုး၊ ကျောင်းတက်ရန်အခွင့်အလမ်းရွေးချယ်နိုင်မှုမရှိခြင်း၊ အချိန်မတိုင်မီကျောင်းမှထွက်ရခြင်း၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်လေးလံသော အလုပ်များကို အချိန်လွန်ကဲကြာမြင့်စွာလုပ်ကိုင်နေရသူများသည် ကလေးအလုပ်သမားများဖြစ်ကြောင်း အသိပညာပေးဟောပြောသည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက ကလေးအလုပ်သမားဖြစ်ရသည့် အကြောင်းရင်းများနှင့် ကလေးအလုပ်သမားပပျောက်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန် အသိပညာပေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်များနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာကြည့်ရှုကြကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

## အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအခမ်းအနားကျင်းပ



ပဲခူး ဒီဇင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာလ ၈ ရက် နံနက်ပိုင်းက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုဝင်ဘာလ ၂၅ ရက်ကို အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများပပျောက်ရေးနေ့အဖြစ် သတ်မှတ်ထားရှိပြီး နိုဝင်ဘာလ ၂၅ ရက်မှ ဒီဇင်ဘာလ ၁၀ ရက်အထိကို အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အထိမ်းအမှတ်အဖြစ် သတ်မှတ်ထားရှိခြင်းကြောင့် နှစ်စဉ်ကျင်းပပေးခဲ့ကြောင်း၊ အမျိုးသမီးများအား အကြမ်းဖက်မှုကျူးလွန်ခဲ့သော ဖြစ်ရပ်များတွင် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အကြမ်းဖက်မှုများ ပိုမိုများပြားလာသည့်အတွက် အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အကြမ်းဖက်မှုပပျောက်စေရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုအသိပညာပေး Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမျိုးသမီးနှင့်ဆုံးဖြတ်ချက်ချမှတ်ရေးကိုလည်းကောင်း၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသမီးများနှင့် မီဒီယာကဏ္ဍကိုလည်းကောင်း၊ တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ အမျိုးသမီးများနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်စောင့်ရှောက်ရေး ကဏ္ဍအကြောင်းကိုလည်းကောင်း၊ တိုင်းဒေသကြီးလူငယ်ရေးရာဦးစီးဌာနမှ အမျိုးသမီးငယ်ရွယ်များကဏ္ဍ အကြောင်းကိုလည်းကောင်း အသီးသီး ဆွေးနွေးကြသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများက ဆွေးနွေးဟောပြောခဲ့ကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြောင်း သိရသည်။ **ဥဿာတိုင်းသား**

## တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသမှုများဆောင်ရွက်

မြစ်သား ဒီဇင်ဘာ ၉

မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ် တိုင်းရင်းဆေးကုဌာနမှ (၂၄) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် တိုင်းရင်းဆေးပညာနီးနှော ဖလှယ်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒီဇင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် ကင်းစိန်ဈေး အခြေခံပညာမူလတန်းကျောင်း၌ ဒေသခံပြည်သူများအား တိုင်းရင်းဆေးဖြင့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

တိုင်းရင်းဆေးဖြင့်ဆေးဝါးကုသရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်စိုးပြေဝင်းက ကျောင်းသား၊ ကျောင်းသူများအားဆောင်းရာသီတွင် ဖြစ်ပွားတတ်သော နှာစေးခြင်း၊ ချောင်းဆိုးခြင်း၊ အစာမကြေခြင်းရောဂါများအတွက် ကုသပေးခြင်း၊ သောက်ဆေးပေးခြင်း၊ လိမ်းဆေးပေးခြင်းတို့ဆောင်ရွက်သည်။

မြို့နယ်တိုင်းရင်းဆေးကုဌာနအနေဖြင့် ယခုကဲ့သို့ ဆေးဝါးများ ကွင်းဆင်းကုသပေးခြင်းကို သတ်မှတ်ရက်များအလိုက် နယ်လှည့်၍ ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝါဝါမြင့် (မြစ်သား)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခုအပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊

Mobile SIM Card၊ Mobile Payment Account၊ Bank

Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်

ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ

ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ

အရေးယူခံရနိုင်ပါသည်။

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးကျင်းပ



တတိယအကြိမ် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက် တတိယအကြိမ် မြန်မာ-ရုရှားပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေး ကော်မတီအစည်းအဝေး၌ အဖွင့်အမှာစကားပြောကြားစဉ်။



တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၉

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲ အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေးအား ယနေ့တွင်နေပြည်တော်ရှိ Jasmine ဟိုတယ်၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်နှင့် ကော်မတီဝင် မြန်မာ့တပ်မတော်မှ အရာရှိကြီးများ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့်ကော်မတီဝင် ရုရှားတပ်မတော်မှအရာရှိကြီးများ တက်ရောက်ကြသည်။

ဦးစွာ တတိယအကြိမ် မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသန်းထိုက်က ရုရှားတပ်မတော်ကိုယ်စားလှယ်အဖွဲ့အား နွေးထွေးလှိုက်လှဲစွာကြိုဆိုခဲ့ပြီး နှစ်နိုင်ငံပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီ အစည်းအဝေး အပြန်အလှန်အလှည့်ကျ ကျင်းပပြုလုပ်သွားခြင်းဖြင့် တပ်မတော်နှစ်ရပ်အကြား အကြမ်းဖက်မှုတိုက်ဖျက်ရေးကဏ္ဍတွင် သတင်းအချက်အလက်စီးဆင်းမှုကို လျင်မြန်စွာဆောင်ရွက်နိုင်လာခြင်း၊ နည်းပညာဆိုင်ရာကိစ္စရပ်များ ပိုမိုပူးပေါင်းလုပ်ဆောင်လာနိုင်ခြင်း၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ခန်းဆိုင်ရာများပူးပေါင်းဆောင်ရွက်နိုင်ခြင်းအပြင်ပုံသဏ္ဌာန်ပြောင်းလဲလာသည့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ စစ်ဆင်ရေးလုပ်ငန်းစဉ်များဆောင်ရွက်ရာတွင် အပြန်အလှန်အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်းဖြင့် အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တတိယအကြိမ်မြန်မာ-ရုရှား အကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီပူးတွဲဥက္ကဋ္ဌ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov က ရုရှား၊ မြန်မာနှစ်နိုင်ငံအကြား ဒေသတွင်းတည်ငြိမ်အေးချမ်းမှုများကို တိုးမြှင့်ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအား နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြန်လည်ပြောကြားသည်။

ဆက်လက်၍ နှစ်နိုင်ငံကိုယ်စားလှယ်အဖွဲ့ဝင်များသည် အကြမ်းဖက်မှုတိုက်ဖျက်ရေးနယ်ပယ်တွင် တုံ့ပြန်မှုများလျင်မြန်စွာပြုလုပ်နိုင်ရေးဆိုင်ရာနည်းလမ်းများအား သတ်မှတ်ခေါင်းစဉ်များအလိုက် ရှင်းလင်းတင်ပြဆွေးနွေးခဲ့ကြပြီး တင်ပြချက်များအပေါ် နှစ်နိုင်ငံပူးတွဲကော်မတီဥက္ကဋ္ဌများက ပြန်လည်သုံးသပ်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့ မြင်းကကုန်းကျေးရွာသို့ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်





တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၉

တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ ဘိုကလေးမြို့နယ်သို့ ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာသို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာရှိ တိုက်နယ်ဆေးရုံ၌အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၀ ဦး၊ ခွဲစိတ်ရောဂါ ၁၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၅ ဦး၊ ကလေးရောဂါ ၁၃ ဦး၊ အရိုးရောဂါ ၁၂၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀ ဦး၊ မျက်စိရောဂါ ၁၃၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၄ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၅၃၅ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၃ ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၉ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၅၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၂ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက်ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် –

“ကျွန်မနာမည်ကဒေါ်သင်းသင်းခိုင်ပါ။ မျက်စိက ကြည့်ရတာမကောင်းလို့ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့တွေလာလို့ လာပြတာပါ။ အရင်တုန်းက မျက်စိတစ်ဖက်ခွဲဖူးပါတယ်။ ခွဲစိတ်ခန်းထဲမှာ မျက်စိကို အောက်ကိုစိုက်ပြီးတော့ ကြည့်ပါလို့ပြောတာ ကိုယ်ကကြည့်တော့ ကြည့်တယ်။ ပုံမှန်အနေအထားက ကြည့်ပြီးတော့ မမှန်ဘူးဖြစ်နေတယ်၊ ကြည့်လိုက် မကြည့်လိုက် အဲဒီလိုတွေ ဖြစ်ပြီးတော့ ရင်ထဲမှာလှပ်လှပ်လှပ်လှပ်နဲ့ တုန်နေတာ၊ ကြောက်ပြီးတော့ နှလုံးတွေ တအားခုန်ပြီးကြောက်နေတယ်။ ဘာမှ မဖြစ်ဘူးတဲ့။ ဒီနှစ်ရက်သုံးရက်ဆို ကောင်းမယ်တဲ့ဆိုတော့ ဝမ်းသာတာပေါ့။ ကိုယ့်မှာ ငွေကြေးပမာဏမတတ်နိုင်တဲ့ အတွက် အခုတပ်မတော်နယ်လှည့် ဆေးကုသရေးအဖွဲ့တွေ လာရောက်ပြီး တကူးတကကြီး တစ်မြို့နဲ့တစ်မြို့လာပြီးတော့ ခွဲပေးတယ်ဆိုတော့ ကိုယ်က အထူး ကျေးဇူးတင်တာပေါ့နော်။ ကျေးဇူးတင်



ပါတယ်။ ကိုယ့်မျက်စိတွေ ကောင်းသွားတဲ့အတွက် ဆရာ၊ ဆရာမတို့ကိုလည်း အမြဲတမ်းဆုတောင်းပေးနေမှာပါ” ဟု ပြောသည်။

“ကျွန်မနာမည်က ဒေါ်မေဝန်းရီပါ။ ဒီမြင်းကကုန်းမှာပဲတာဝန်ကျတဲ့ အလယ်တန်းပြဆရာမတစ်ဦးပါ။ ကျွန်မကအေးတဲ့ အချိန်မှာ နှာခေါင်းပိတ်လာတဲ့အတွက် ကြောင့်မို့လို့ တပ်မတော်နယ်လှည့် ဆေးကုသအဖွဲ့ရှိတယ်ဆိုတာနဲ့ ကျွန်မတို့ ဒီကိုလာပြရခြင်းဖြစ်ပါတယ်။ ဗိုလ်ကြီးတွေက အရမ်းလည်းသဘောကောင်းပါတယ်။ ပေးတဲ့ဆေးတွေကလည်း ဆရာမဒီဆေးက တအားဈေးလည်းကြီးတယ်။ ဆေးအကောင်းလေးတွေ ပေးလိုက်ပါ။ သောက်ပါလို့လည်း ဂရုတစိုက်နဲ့ လုပ်ပေးပါတယ်။ ကျွန်မတို့ရွာအထိလာပြီးတော့ တပ်မတော်နယ်လှည့်ဆေးကုသအဖွဲ့ လာကုသပေးတဲ့အတွက် အဝေးကြီးသွားစရာမလိုဘူး။ မျက်စိခွဲစိတ်တဲ့လူနာတွေ ဆိုလို့ရှိရင် အဝေးကြီးမသွားရဘူး။ ပိုက်ဆံတွေအများကြီး ကုန်ကျစရာမလိုဘဲနဲ့ ကိုယ့်ရွာမှာတင်ပဲ အကုန်လုံးအားလုံး ပြည့်စုံအောင် ကုသပေးတာဖြစ်ပါတယ်။ ကျွန်မတို့ရွာကိုယ်စား ကျွန်မတို့ ကျောင်း



ရော၊ ကျွန်မတို့ရွာရော၊ ပြည်သူလူထုအကုန်လုံးက တပ်မတော်နယ်လှည့်ဆေးကုသအဖွဲ့ကိုနောက်တစ်ခေါက်လည်းလာရောက်ကုသပေးပါဦးလို့ ကြိုဆိုလျက်ပါလို့ ပြောချင်ပါတယ်။ အထူးလည်း ကျေးဇူးတင်ရှိပါတယ်”ဟု ပြောသည်။

(၁၀၀)

☆ ရှေ့ဖုံးမှအဆက်

ပိုမိုမြင့်မားလာစေရေးကိုမျှော်မှန်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံရေးစိတ်ဆန္ဒပြင်းပြစွာနဲ့ အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

စည်းကမ်းကောင်းမွန်ပြီး ဒီမိုကရေစီပြည့်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ သန့်ရှင်းသောအစိုးရနဲ့ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်များလိုအပ်ပါတယ်။ ကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ်ကိုဖော်ဆောင်ရာမှာ အဂတိလိုက်စားမှုကင်းစင်ဖို့လိုအပ်ပြီး အဂတိလိုက်စားမှုဟာ ကောင်းမွန်တဲ့အုပ်ချုပ်ရေးအတွက် အဟန့်အတားဖြစ်စေပါတယ်။ ဒါ့ကြောင့် အဂတိကင်းပြီးကောင်းမွန်တဲ့အုပ်ချုပ်ရေးစနစ် တည်ဆောက်နိုင်မှသာ နိုင်ငံတော်ဟာဘက်ပေါင်းစုံမှာဖွံ့ဖြိုးတိုးတက်လာပြီး အများပြည်သူရဲ့လူမှုဘဝတွေဟာလည်း မျှမျှတတနဲ့ သာယာဝပြောလာမှာဖြစ်ပါတယ်။

❖ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးနဲ့ တည်ဆောက်ရေးလုပ်ငန်းတွေဆောင်ရွက်ရာမှာ အဂတိလိုက်စားမှုပြဿနာဟာ ကြီးမားတဲ့အဟန့်အတားဖြစ် . . .

❖ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ် သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့လိုအပ် . . .

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ရေတို၊ ရေရှည်လုပ်ငန်းစီမံချက်တွေချမှတ်ဆောင်ရွက်ဖို့လိုအပ်ပြီး လူ့အဖွဲ့အစည်းတစ်ရပ်လုံးကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို ပြတ်ပြတ်သားသားနဲ့ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လိုအပ်ပါတယ်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းမှာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုတာဝန်ခံမှုရှိခြင်းဟာ အဂတိလိုက်စားမှုကို ထိရောက်စွာတားဆီးကာကွယ်တိုက်ဖျက်ခြင်းဖြစ်သလို အဂတိလိုက်စားမှုအပေါ်သည်းခံခွင့်လွှတ်ခြင်း၊ နားလည်မှုပေးခြင်း၊ လျစ်လျူရှုခြင်းတို့ဟာ အားပေးရာရောက်တဲ့အတွက် လုံးဝမပြုလုပ်ကြဖို့လိုအပ်ပါတယ်။

ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းက သတ်မှတ်ထားတဲ့ ယခုနှစ် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဦးတည်ချက်ကတော့ **“ဖြောင့်မတ်တည်ကြည်သော အနာဂတ်ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်၊ လူငယ်များနှင့်လက်ချင်းဆက်ကြပါစို့”** ဖြစ်ပါတယ်။ အဲဒီလိုဦးတည်ချက်နဲ့အညီ ကော်မရှင်အနေနဲ့ အနာဂတ်အတွက်အရေးပါတဲ့ လူငယ်တွေကို အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးခြင်းနဲ့ လူငယ်စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်များကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားပြီး အဂတိကင်းတဲ့ လူ့ဘောင်ဖြစ်လာအောင် စီစဉ်ဆောင်ရွက်သွားဖို့လိုအပ်ကြောင်း အသိပေးမှာကြားလိုပါတယ်။

ဖြောင့်မတ်တည်ကြည်မှုရှိခြင်းဟာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာအဆောက်အအုံရဲ့ အရေးကြီးတဲ့မဏ္ဍိုင်တစ်ရပ်ဖြစ်ပါတယ်။ လူပုဂ္ဂိုလ်တစ်ဦးဦး၊ လူ့အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ စီးပွားရေးနဲ့ လူမှုရေးမှာယုံကြည်စိတ်ချရမှုနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး၊ ကိုယ်စိတ်နှစ်ပါးချမ်းသာရေးနဲ့ သာယာဝပြောရေးတို့အတွက် ဖြောင့်မတ်တည်ကြည်မှုဟာ မရှိမဖြစ်လိုအပ်ချက်ဖြစ်ပါတယ်။ နိုင်ငံတော်ပြုပြင်ပြောင်းလဲရေးကို ထိရောက်မှုရှိစေဖို့အတွက် ဖြောင့်မတ်တည်ကြည်စွာဆောင်ရွက်မှုတွေကို အုပ်ချုပ်ရေးအပိုင်းမှာသာမက ဥပဒေပြုရေးနဲ့ တရားစီရင်ရေးကဏ္ဍတွေအတွက်ပါ ထည့်သွင်းစဉ်းစားဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုလုပ်ဆောင်ချက်တွေကို အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းတွေမှာသာမက လူပုဂ္ဂိုလ်တစ်ဦးချင်းနဲ့ ပုဂ္ဂလိကကဏ္ဍကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ဖို့လည်းလိုအပ်ပါတယ်။ ဒါမှသာ နိုင်ငံတော်နဲ့ အများပြည်သူရဲ့အကျိုးစီးပွားကို ကောင်းမြတ်တဲ့စိတ်စေတနာ၊ ဖြောင့်မတ်တည်ကြည်တဲ့ ကိုယ်ကျင့်တရားတို့နဲ့ ဆောင်ရွက်သွားစေနိုင်မှာဖြစ်ပါတယ်။

အဂတိကင်းစင်တဲ့ လူ့အသိုက်အဝန်းဖြစ်လာရေးအတွက် ရှိနေဆဲဖြစ်တဲ့ အဂတိလိုက်စားမှုတွေလျော့ပါးသွားအောင် အဂတိလိုက်စားမှုဖြစ်စဉ်တွေကို စုံစမ်းစစ်ဆေးတိုက်ဖျက်ရမှာဖြစ်သလို နောင်အနာဂတ်မှာ ပပျောက်သွားတဲ့အထိ လိုအပ်တဲ့ပြင်ဆင်မှု၊ စီမံမှု၊ ဆောင်ရွက်မှုတွေနဲ့ ကြိုးပမ်းဆောင်ရွက်ကြဖို့လည်းလိုပါတယ်။

အထူးအားဖြင့် အဂတိလိုက်စားမှုတွေဟာ ဘယ်လိုအကြောင်းအချက်တွေကြောင့် ဖြစ်ပေါ်လာရတာလဲဆိုတဲ့ အဂတိလိုက်စားမှုကို လက်ယပ်ခေါ်နေတဲ့ အခြေခံအရင်းအမြစ်တွေမှန်သမျှဖယ်ထုတ်နိုင်ဖို့ ကြိုးစားကြရမှာဖြစ်ပါတယ်။ အဲဒီလိုကြိုးစားတဲ့အခါမှာ ကိုင်တွယ်အသုံးပြုသူတွေက လိုအပ်သလိုဆွဲယူ

## ရေဆင်းတက္ကသိုလ်များနယ်မြေ၌ ကျောင်းသား ကျောင်းသူများ အပန်းဖြေရိပ်သာ (Recreation Center) စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၉

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရေဆင်းတက္ကသိုလ်များနယ်မြေ၌ တည်ဆောက်လျက်ရှိသော အလျား ၁၆၂ ပေ x အနံ ပေ ၉၀ရှိ ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေရိပ်သာ (Recreation Center) စီမံကိန်းလုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်ရေးလုပ်ငန်းများကို အရည်အသွေးကောင်းမွန်သည့် အဆောက်အအုံဖြစ်ရန်နှင့် အားကစားနည်း သတ်မှတ်ချက်စံနှုန်းများနှင့် ကိုက်ညီမှုရှိရန်၊ အားကစားရုံကြမ်းခင်းပြင်ကို ရေရှည်ခံနိုင်ဝန်ရှိစေရေး၊ စျေးဆိုင်ခန်းများ စနစ်တကျနေရာချထားပေးနိုင်ရေးကြိုတင်စီမံနေမှုနှင့် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်သာယာရေးနှင့် ရေစီးရေလာကောင်းမွန်ရေးဆိုင်ရာများကို မှာကြားသည်။

ရေဆင်းတက္ကသိုလ်များ နယ်မြေ၌ တည်ဆောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများ အပန်းဖြေရိပ်သာ(Recreation Center) စီမံကိန်းသည် ယနေ့အထိ လုပ်ငန်းအားလုံး၏ ၇၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ပျိုးရေးတက္ကသိုလ် ဘောလုံးကွင်း၏ ပရိသတ် ၅၂၀ ဆံ့ ပွဲကြည့်စင်နှင့် မီတာ ၄၀၀ ပြေးလမ်းအဆင့်မြှင့်တင်တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာလိုအပ်ချက်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။



မြဝတီ


## ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)သို့ ကျောင်းသား၊ ကျောင်းသူများနှင့် ပြည်သူများ လာရောက်လေ့လာ

ရန်ကုန် ဒီဇင်ဘာ ၉

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက် (ရန်ကုန်)ကို နိုဝင်ဘာလ ၃၀ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ထားရှိရာ ရန်ကုန်တိုင်းဒေသကြီး ခရိုင်နှင့် မြို့နယ်များရှိ ကျောင်းများအလိုက် ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားမိဘများနှင့် မိဘပြည်သူများလာရောက်လေ့လာကြည့်ရှုကြသည်။



ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အလုံခရိုင်နှင့် ကျောက်တံတားခရိုင်ရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက ယခင်နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarium Analog Projection System၊ ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့်ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှုသရုပ်ပြသမှုများနှင့် အာကာသနှင့်နက္ခတ်တာရာဆိုင်ရာ Dome Video Clip တို့ကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။



ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်းစေလွှတ်ခဲ့သည့် ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်း စူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများအား ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အသုံးချနိုင်တဲ့ ရှုပ်ထွေးပြီး လူအများနားလည်ရခက်ခဲတဲ့ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နဲ့ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း၊ စည်းကမ်းတွေကို အများပြည်သူ လွယ်ကူရှင်းလင်းစွာသိရှိနားလည်နိုင်တဲ့ဖော်ပြချက်တွေနဲ့ ပြုပြင်ဖို့ကိစ္စရပ်တွေလည်း ပါဝင်လာမှာဖြစ်ပါတယ်။ ဒီလုပ်ငန်းစဉ်တွေကို အဂတိလိုက်စားမှု တိုက်ဖျက်ရေးမဟာဗျူဟာစီမံချက်တွေရေးဆွဲရာမှာ ထည့်သွင်းဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

မိမိတို့အစိုးရအနေနဲ့ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ဆိုတဲ့ အမျိုးသားရေးရည်မှန်းချက်နဲ့ **"စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဆိုတဲ့ နိုင်ငံရေးရည်မှန်းချက်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီအနေနဲ့ **"ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"** ဦးတည်ချက်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကြီးတည်ဆောက်ဖို့အတွက် လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ဖို့၊ ရွေးကောက်ပွဲမှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးခွင့်ရရှိဖို့၊ လွတ်လပ်ပြီးတရားမျှတမှုရှိတဲ့ ရွေးကောက်ပွဲကို သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးလုပ်ငန်းစဉ်တွေမှာ ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ကိုလည်း တိုက်တွန်းမှာကြားလိုပါတယ်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွေမှာဖြစ်ပွားတတ်တဲ့ ရွေးကောက်ပွဲဆိုင်ရာ မလျော်ကန်တဲ့လုပ်ရပ်များနဲ့ ဥပဒေနဲ့ဆန့်ကျင်တဲ့ အပြုအမူများရှောင်ရှားပြီး အဂတိတရားကင်းရှင်းစွာနဲ့ သမာသမတ်ကျကျ၊ တရားမျှတပြီးလွတ်လပ်တဲ့၊ သိက္ခာရှိတဲ့ရွေးကောက်ပွဲဖြစ်စေဖို့ တာဝန်ရှိသူများနဲ့ ပြည်သူအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့လည်း မှာကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေမရှိစေရေးအတွက် အခြေခံအကျဆုံးဖြစ်တဲ့ အသိပညာပေးရေးနဲ့ တားဆီးကာကွယ်ရေးလုပ်ငန်းစဉ်တွေကိုပါ ဟန်ချက်ညီညီချဉ်းကပ်ပြီး အလေးထားဆောင်ရွက်သွားရမှာဖြစ်ပါတယ်။ ဒ့ါအပြင် နိုင်ငံတော်ကချမှတ်ထားတဲ့ ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှုကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနဲ့အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရမှာဖြစ်ပါတယ်။

ဒ့ါကြောင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းလာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနဲ့စပ်လျဉ်းတဲ့ အသိပညာတွေတိုးပွားလာစေရေး၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်ကြဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အများအကျိုးဆောင်ရွက်ခြင်းနဲ့ ကိုယ်ကျိုးရှာခြင်းတို့အကြား မှန်ကန်စွာခွဲခြားနိုင်စေရေးနဲ့ အကျင့်ပျက်ခြစားမှုတွေမရှိစေရေးအတွက် နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူ့ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနဲ့ ပြည်သူလူထုအားလုံးကပူးပေါင်းပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းတွေကို အတူတကွဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ပြောကြားရင်း (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

❖ နိုင်ငံတော်ကချမှတ်ထားတဲ့ဦးတည်ချက်များကို သွေဖည်၍ အဂတိလိုက်စားမှုကျူးလွန်သည့် မည်သူ့ကိုမဆို ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရမှာဖြစ် . . .

❖ အဂတိလိုက်စားမှုကို လုံးဝလက်မခံတဲ့ယဉ်ကျေးမှုတစ်ရပ်ပေါ်ထွန်းလာစေရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးနဲ့စပ်လျဉ်းတဲ့အသိပညာတွေတိုးပွားလာစေရေး၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ပေါ်လာစေရေးတို့ကို အကောင်အထည်ဖော်ကြဖို့လို . . .

# ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် မသန်စွမ်းသက်ကြီးသင်တန်းကျောင်းတို့ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် လူငယ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးက ကလေးများအတန်းပညာသင်ကြားနေမှုနှင့် ကျောင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လူငယ်သင်တန်းကျောင်းရှိ ကလေးများမူလတန်းပညာရေး သင်ကြားနေမှုကိုလည်းကောင်း၊ လူငယ်သင်တန်းကျောင်း ကျောင်းစာကြည့်တိုက်နှင့် ကျောင်းသားအိပ်ဆောင်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျောင်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် သင်တန်းကျောင်းအတွင်း ကျောင်းသားများအတွက် တစ်နိုင်တစ်ပိုင်စိုက်ခင်းများစိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ဖွင့်လှစ်လျက်ရှိသည့် အီလက်ထရောနစ်သင်တန်း တက်ရောက်နေသော သင်တန်းသားများကို တွေ့ဆုံအားပေးစကားပြောကြားပြီး သင်တန်းကျောင်းရှိ တံဆိပ်ရိုက်သင်တန်းခန်း၊ စက်ချုပ်သင်တန်းခန်း၊ ကွန်ပျူတာခန်းနှင့် ဆံသသင်တန်းခန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီးက သင်တန်းကျောင်းတွင် မသန်စွမ်းသူများအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိသည့်အခြေအနေကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းမှ သင်ကြားပေးသော သင်တန်းများကို မသန်စွမ်းသူများအတွက် အကျိုးရှိအောင် သင်ကြားနိုင်ရေး၊ ရပ်ရွာအတွင်းတွင် မသန်စွမ်းသူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ သင်တန်းတက်ရောက်ပြီးသူများကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အပါအဝင် လုပ်ငန်းဆိုင်ရာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# ကရင်သက္ကရာဇ်(၂၇၆၅) ကရင်အမျိုးသားနှစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့ပရံ-ကော့မလောက် ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်

ဘားအံ ဒီဇင်ဘာ ၉

ကရင်သက္ကရာဇ်(၂၇၆၅) ကရင်အမျိုးသားနှစ်ကူးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဘားအံမြို့နယ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၇၆၃ ဒသမ ၆၃၉ သန်းဖြင့် DNT ကုမ္ပဏီနှင့် Thanlwin Friendship ကုမ္ပဏီတို့မှ တာဝန်ယူဆောင်ရွက်သည့် ကော့ပရံ-ကော့မလောက် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါလမ်းပိုင်း၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ကော့ပရံ-ကော့မလောက်ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကာ တက်ရောက်လာသူများနှင့်အတူ လမ်းအားဖြတ်သန်းကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦများဖြစ်သော လမ်းတံတားများတည်ဆောက်ရာတွင် အတူတကွပူးပေါင်းပါဝင်၍ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးကြစေလိုကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခြင်းဖြင့် ကျေးလက်ဒေသများ အမြန်ဆုံးဖွံ့ဖြိုးတိုးတက်အောင် လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်လာသော ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**



| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၆˚c | / | ၂၉˚c |
| ရန်ကုန် | ၂၂˚c | / | ၃၃˚c |
| မန္တလေး | ၁၆˚c | / | ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# A video message delivered by Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing at the ceremony to mark the International Anti-Corruption Day

**(9 December 2025)**



Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing delivers a video message at the ceremony to mark the International Anti-Corruption Day.

Everybody, Mingalaba!

On the occasion of the International Anti-Corruption Day, observed on 9 December, today, I would like to extend my greetings and best wishes for good health and well-being to all Union-level dignitaries, chief ministers of states and regions, and special invited guests attending the commemorative ceremony.

Corruption remains a major obstacle in implementing reforms and development activities needed for national progress. The government, prioritizing the national interest, is working with strong political will to eliminate corruption, aiming to build a genuine democratic state based on responsibility, accountability, transparency, integrity, fairness and the rule of law.

A clean government and an effective administrative system are essential to establishing a disciplined and fully democratic nation. Ensuring good governance requires the absence of corruption, and corruption itself is a barrier to effective administration. Therefore, only by establishing a corruption-free and sound governance system can the country achieve development across all sectors, leading to fairer and more prosperous social conditions for the public.

Short-term and long-term plans are needed to effectively carry out anti-corruption efforts, and all members of society must participate actively and transparently in the fight against corruption. Transparency, responsibility, and accountability in anti-corruption activities help prevent and eliminate corruption effectively. At the same time, tolerance, excusing, or ignoring corrupt acts only encourages such behaviour and must therefore be strictly avoided.

The United Nations Convention against Corruption has set this year's International Anti-Corruption Day theme as: **"Uniting with Youth Against Corruption: Shaping Tomorrow's Integrity"** In line with this theme, the Commission will continue implementing awareness programmes and youth dialogue sessions aimed at educating young people, who play an important role in shaping the future, about anti-corruption issues. The Commission also emphasized the need to work continuously toward building a corruption-free society.

Integrity is an essential pillar of political, economic, and social institutions. For individuals and communities alike, integrity is vital for building trust, fostering healthy social and economic relations, and ensuring both physical and mental well-being. To ensure effective national reforms, integrity must be upheld not only in administrative processes but also within the legislative and judicial sectors. Such practices require cooperation not only from government institutions but also from individuals and the private sector. Only then can national and public interests be served with goodwill, honesty, and strong moral principles.

To build a corruption-free society, existing corrupt practices must be reduced by investigating and eliminating cases of corruption, while at the same time implementing the necessary reforms, management measures, and sustained efforts to ensure that corruption eventually disappears in the future.

In particular, it is necessary to identify and remove all root causes that give rise to corrupt practices. This includes addressing complex and difficult-to-understand laws, regulations, orders, instructions, rules, and procedures that can be misused by those in positions of authority. These must be revised and presented in a clear and accessible way so that the public can easily understand them. Such measures need to be incorporated into the formulation of national anti-corruption strategic plans.

The government is implementing its responsibilities with a focus on the Our Three Main National Causes and is working to build a Union based on democratic and federal principles. This includes carrying out the national objective of **"promoting national prosperity and ensuring food security"** and the political objective of **"strengthening a genuine, disciplined multi-party democratic system and building a Union based on democracy and a federal system."**

The National Defence and Security Council has set the objective of **"to implement multi-party democratic system, with the participation of the people, to ensure the success of multi-party democratic general election process and successfully moving towards with the multi-party democratic system aspired by the entire people."** Measures are being carried out accordingly.

To build a Union based on democratic and federal principles, it is essential to successfully hold free and fair elections. All eligible voters must have the opportunity to cast their votes, and elections must be conducted freely, fairly, and within the designated timeframe. The public is therefore urged to participate actively and responsibly in these processes. The authorities also call on all stakeholders to avoid inappropriate conduct and unlawful actions that may occur during the election process. Officials and citizens alike are encouraged to work together to ensure that the elections are free from corruption, impartial, transparent, and conducted in a disciplined and credible manner.

In conclusion, to cultivate a culture that does not tolerate corruption and to prevent misconduct, it is essential to prioritize balanced approaches to public awareness and preventive measures. In addition, in line with the objectives set by the State, action must be taken effectively and in accordance with the law against anyone who commits corruption, without discrimination or favour.

Therefore, efforts must be made to establish a culture of zero tolerance for corruption, to expand public understanding of anti-corruption issues, and to build a society committed to rejecting and eliminating corrupt practices. In doing so, civil servants, public employees, business operators, civil society organizations, the media, and the general public must work together to distinguish clearly between public interest and personal gain, and to prevent any form of misconduct as part of honouring the 22nd International Anti-Corruption Day.


Thank you all.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

■■ From Page - 21
areas of Kayin State to ensure there are no illegal foreign residents or ongoing scam gambling activities. Out of 121 buildings inspected so far, 10 were found to have been used for online scam gambling. A total of 708 computers used in these operations were seized.

The government considers the suppression of online scam gambling a national-level responsibility and will continue working with domestic forces as well as neighbouring governments to eliminate such operations entirely from Myanmar. **100**



A 4-storey residential building illegally constructed in Section (3) of the KK Park area.


Burning and destroying items used by online scammers.

# Taze Township grows more than 1,000 acres of maize and sweet corns

TAZE December 9

YeU District Agriculture Department stated that local farmers have grown more than 1,000 acres of maize and sweet corns in Taze Township of Sagaing Region.

During the 2025–2026 winter crop season, farmers in Taze Township have planned to cultivate 320 acres of maize and 1,529 acres of sweet corn — a total of 1,849 acres. Cultivation began in October this year, and as of today, 314 acres of maize and 1,528 acres of sweet corn, totaling 1,842 acres, have already been cultivated.

"The plan for this year's winter crop season in Taze Township is to grow a total of 1,849 acres of maize and sweet corn. As of today, 1,842 acres have already been cultivated. We are working to ensure that the full targeted acreage is achieved. At present, cultivation progress is even exceeding expectations in some areas. To ensure successful crop growth, we have been providing awareness programs on pest and disease prevention," said U Zaw Myint Tun, Head of the Agriculture Department of YeU District.

This year, the Taze Township Agriculture Department has been conducting training sessions and field demonstrations for farmers cultivating maize and sweet corn. The department is also implementing preventive measures against fall armyworm infestations and promoting integrated pest management systems, including the use of neem-based pesticides and proper application of insecticides on crops such as ginger and chilli.

In Taze Township, seed maize cultivation produces over 50 baskets per acre, with an average production cost of about Ks-500,000 per acre. Sweet corn yields around 15,000 ears per acre, with a cultivation cost exceeding Ks-500,000 per acre. **SK**

# More than 2,000 acres of groundnut cultivated in Mingin Township

MINGIN December 9

Local farmers grew more than 2,000 acres of groundnut in Mingin Township of Sagaing Region, according to the Township Agriculture Department.

During the 2025–2026 winter crop season, local authorities in Mingin Township earmarked to cultivate 24,558 acres of groundnut. Cultivation began in October this year, and as of today, 23,611 acres have already been planted by local farmers.

"This year, during the winter crop season, we planned to grow over 20,000 acres of groundnut in Mingin Township. As of today, more than 20,000 acres have already been cultivated. We are making efforts to achieve the full target acreage. Groundnut cultivation is progressing well and is currently in a successful stage as an oil crop. Groundnut cultivation has seen steady improvement year by year," said Daw Hayman Kyaw Win, Head of the Mingin Township Agriculture Department.

It is reported that, in Mingin Township, groundnut cultivation requires about one and a half baskets of seed per acre, with an estimated production cost of over Ks-200,000 per acre, including expenses for seed, labour charge, fertilizers, and pesticides. The average yield is more than 50 baskets per acre.

This year, to ensure successful groundnut cultivation, prevent pest and disease infestations, and keep the fields free of weeds, staff from the Mingin Township Agriculture Department have been inspecting groundnut fields and recording field monitoring data on-site.

**SMK**

# 33rd SEA Games kicks off in Thailand

BANGKOK December 9

The 33rd Southeast Asian Games (SEA Games 33), the region's largest sporting event, officially opened at Rajamangala National Stadium in Bangkok, Thailand, on the evening of December 9.


The opening ceremony was presided over by the King and Queen of Thailand, with the participation of senior leaders of the host country, sports officials from the 11 ASEAN member states, representatives of the participating delegations, and sports fans from across Southeast Asia. Vietnam was represented at the event by Minister of Culture, Sports and Tourism Nguyen Van Hung.

Prior to the official proceedings, all spectators observed a one-minute silence in memory of Queen Mother Sirikit, who passed away in October. During her lifetime, Queen Mother Sirikit, together with King Bhumibol Adulyadej, devoted great efforts to promoting sports in Thailand.

The ceremony opened with a large-scale light performance depicting the 11 Southeast Asian nations, accompanied by greetings in each country's language. In keeping with this year's theme, "We are one – connected by the SEA", a major highlight was a performance featuring water sports such as artistic swimming and jet-ski racing, symbolising both unity and the maritime character of the region. This was followed by artistic displays recreating various competition events through dynamic geometric light formations.

The organisers also revisited the history of the previous 32 SEA Games, with Vietnam honoured as the host of the 2003 and 2021 editions.

Following performances by popular K-pop group GOT7 alongside several Thai artists was a parade of the 11 participating delegations, namely Brunei, Cambodia, Indonesia, Laos, Malaysia, Myanmar, the Philippines, Singapore, Timor-Leste, Vietnam and host Thailand.




In his official opening address, Thai King Maha Vajiralongkorn extended warm congratulations to all athletes, coaches, and representatives of the participating nations, affirming that the SEA Games serve as a key platform to promote friendship and solidarity within the Southeast Asian community. He expressed his hope that the 33rd SEA Games will be conducted in perfect harmony, with transparency and fairness, fulfil its noble objectives, and further strengthen regional unity.

The 33rd SEA Games will run until December 20, featuring 50 sports with a total of 574 medal events. Notably, host Thailand has included 37 Olympic sports, marking a significant step towards aligning the Games with global standards and creating a solid foundation for Southeast Asian athletes in their preparation for major international competitions. **VNA**

# Poland's first nuclear power plant expected to begin construction in December: PM

WARSAW December 9

Poland's first nuclear power plant is expected to begin construction as early as December, Polish Prime Minister Donald Tusk announced Tuesday.

"We will soon have official confirmation that the European Commission agrees to state aid for the construction of a nuclear power plant in Poland," Tusk said.

"We have secured the full amount of funding, amounting to 60 billion Polish zlotys (about 16.51 billion U.S. dollars). The first 4.6 billion zlotys in treasury securities will reach the interested entity in December." He added.

Poland's first nuclear power plant will be built in the Lubiatowo-Kopalino area on the Baltic Sea coast. The plant will include three units, with Polskie Elektrownie Jadrowe, the state-owned company serving as investor and operator.

**Xinhua**

# Japan rejects EU plan to steal Russian assets – Politico

TOKYO December 9

Japan has reportedly dismissed a European Union initiative to tap frozen Russian sovereign assets to help finance Ukraine's massive budget shortfall.

Brussels hopes to issue a so-called "reparation loan" backed by Russian funds immobilized in the West – a plan that Moscow has denounced as outright theft. Belgium, where most of the money is held by the Euroclear clearinghouse, has refused to greenlight the proposal unless other nations agree to share associated legal and financial risks.

Belgian Prime Minister Bart De Wever has said broader international backing, particularly from non-EU countries holding Russian assets, would bolster the European Commission's case for what he called the effective confiscation of a foreign state's funds. But at a meeting of G7 finance ministers on Monday, Japan's Satsuki Katayama made clear her government would not support the plan due to legal constraints, Politico reported, citing EU diplomatic sources.

Officials told the outlet they believe Japan's stance aligns with that of the United States, which also opposes the EU approach and views the frozen assets as leverage in negotiations with Moscow.

France has reportedly likewise declined to touch any assets held on its soil, while Canada and the UK have signaled possible participation if the EU ultimately pursues the scheme.

Ukraine's parliament last week adopted a 2026 budget with a staggering US$-47.5 billion deficit, expecting foreign donors and creditors to fill the gap. Roughly half that anticipated support – an estimated US$-23.6 billion – remains uncertain pending the fate of the EU loan plan.

Ukrainian media noted that lawmakers pushed the budget through despite unresolved questions over foreign financing, in part to project stability following the removal of Andrey Yermak, formerly the most powerful aide to the country's leader, Vladimir Zelensky. Yermak was dismissed as a corruption scandal engulfed Kiev's political establishment.

**RT**

# Trump calls Zelensky 'Great Salesman' once again

WASHINGTON December 9

US President Donald Trump on Tuesday reiterated his view that Volodymyr Zelensky is a great salesman.

"He [Zelensky] is a great salesman. I call him P.T. Barnum. One of the greatest on Earth. He could sell any product at any time," Trump said in an interview with Western media.

Trump added that it was Zelensky's sales talent that enabled him to persuade former US President Joe Biden to provide US$-350 billion to Ukraine, adding that "about 25 percent of his country is missing" now.In May, the US president recalled his meeting with Zelensky in the White House, describing it as a "rough session" and saying he did not like what Zelensky said at the time. Trump said that Zelensky is "the greatest salesman in the world," but he "doesn't have the cards." **Sputnik**

# Putin, Subianto to hold talks in Moscow on Wednesday - Kremlin

MOSCOW December 9

Russian President Vladimir Putin will hold talks with Indonesian President Prabowo Subianto, who will be on a working visit to Moscow, on December 10, the Kremlin said on Tuesday.

"On December 10, Russian President Vladimir Putin will hold talks with Indonesian President Prabowo Subianto, who will pay a working visit to Moscow," the Kremlin said in a statement.

Putin and Subianti plan to discuss the development of strategic partnership, current international and regional issues, the statement added.

**Sputnik**

# Ten more buildings used for online scam gambling demolished inside KK Park; additional illegal facilities found around Myawady

NAY PYI TAW December 9

The Myanmar government continues joint clearance operations in Shwe Kokko and KK Park—areas where online scam gambling operations are heavily concentrated—by entering illegal compounds, seizing equipment used in online scam activities, and systematically demolishing unlawful buildings. Security forces, administrative bodies, and local authorities are jointly conducting these operations.

As part of the ongoing crackdown, authorities today demolished ten more illegal buildings used for online scam gambling inside Section (3) of the Myawady–Maehtawthalay (KK Park) area. The demolished structures include one four-storey building, one three-storey building, and eight other two-storey buildings. This brings the total number of demolished illegal buildings in KK Park to 351 out of 635 identified illegal structures.




A 3-storey residential building illegally constructed in Section (3) of the KK Park area.



Illegal online gambling operators who are foreign nationals in the Shwe Kokko area, Myawady Township, Kayin State, being transferred back to their respective countries via the Myanmar-Thailand Friendship Bridge No. 2.

In addition, equipment previously used in scam gambling operations in both KK Park and Shwe Kokko was also incinerated today to prevent further misuse. Foreign nationals arrested in these areas are being processed for rapid repatriation, based on humanitarian considerations and friendly relations between countries. Today, 123 illegal foreign nationals from six countries who had been detained in the Myawady–Shwe Kokko region were transferred across the Myanmar–Thailand Friendship Bridge No. 2 in accordance with legal procedures. Efforts continue to repatriate the remaining detainees, who are being kept in secure conditions.

Furthermore, from 8 December onward, joint teams made up of security forces, administrative organizations, and local officials have been conducting inspections in Myawady and surrounding

See Page - 19 ■■



Clearing out a building that could potentially house illegal foreigners.



Photographic record of the burning and destruction of illegal materials inside the KK Park area.



Burning and destroying items used by online scammers.

➜ **အရှေ့တောင်အာရှအားကစားပွဲတော်မှ**

ဤပြိုင်ပွဲအတွက် ထိုင်းနိုင်ငံက "We Are One" (ငါတို့သည် တစ်သားတည်း) ဟူသော ဆောင်ပုဒ်ကိုပေးထားပြီး ယင်းဆောင်ပုဒ်သည် အရှေ့တောင်အာရှနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု၊ ငြိမ်းချမ်းရေးနှင့် ချစ်ကြည်ရင်းနှီးမှုကိုမြှင့်တင်ရန်ရည်ရွယ်ခြင်းဖြစ်သည်။ ယခုပွဲတော်၏ ကြီးကျယ်ခမ်းနားမှုကိုဖော်ညွှန်းပြသနိုင်ရန် ဖွင့်ပွဲအခမ်းအနားသို့ ထိုင်းဘုရင်နှင့်ကြင်ယာတော်တို့ကိုယ်တိုင် တက်ရောက်လာသည်ကို တွေ့ရသည်။

သို့သော်လည်း ဤကဲ့သို့ကြီးကျယ်ခမ်းနားသောပွဲတော်ကြီး အောင်မြင်စွာဖြစ်မြောက်လာရေးသည် လမ်းဖြောင့်တစ်ခုမဟုတ်ခဲ့ပါ။ စတင်ပြင်ဆင်မှုလုပ်ဆောင်စဉ်ကာလကတည်းက ဘတ်ဂျက်သုံးစွဲမှုဆိုင်ရာ ဝေဖန်မှုများ၊ ပြည်တွင်းနိုင်ငံရေးအပြောင်းအလဲများကြောင့် အားကစားပွဲတော်အတွက် ပြင်ဆင်မှုများလုပ်ရာတွင် နှောင့်နှေးကြန့်ကြာမှုများစသည့် စိန်ခေါ်မှုများစွာကိုရင်ဆိုင်ခဲ့ရသည်၊ မူလက သမိုင်းဝင် Sanam Luang ကွင်းပြင်၌ ဖွင့်ပွဲအခမ်းအနားကိုကျင်းပရန် စီစဉ်ခဲ့သော်လည်း လုံခြုံရေးအခြေအနေနှင့် ပရိသတ်လုံလောက်စွာဝင်ဆံ့နိုင်ရေး အကြောင်းပြချက်များဖြင့် ရာဇမင်္ဂလာအမျိုးသားအားကစားကွင်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ရခြင်းဖြစ်သည်။ အဆိုပါပြောင်းလဲမှုသည် ပြင်ဆင်ရေးအဖွဲ့အပေါ် ဖိအားများစွာသက်ရောက်စေခဲ့သော်လည်း ယနေ့ညတွင် အားကစားကွင်းကြီးတစ်ခုလုံးသည် ဧည့်ပရိသတ်များဖြင့်ပြည့်နှက်နေပြီး စိန်ခေါ်မှုအားလုံးကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြောင်း သက်သေပြလိုက်ပေပြီ။

ယနေ့ည အားကစားပွဲတော်ဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ၏ ကြွယ်ဝသော




ယဉ်ကျေးမှု၊ ခေတ်မီသောနည်းပညာနှင့် အရှေ့တောင်အာရှဒေသ၏ စည်းလုံးညီညွတ်မှုတို့အား အသားပေးဖော်ပြသည့် ခမ်းနားထည်ဝါသော အပိုင်း(၅) ပိုင်းဖြင့် ဖော်ကျူးထားသည်။ အပိုင်း (၁) ကို"စတင်ခြင်း" ဟုအမည်ပေးထားပြီး အရှေ့တောင်အာရှအားကစားပွဲတော်၏ မူလအစကို ဖော်ကျူးထားသည်၊ ထိုင်းနိုင်ငံ၏ သမိုင်းဝင်အမွေအနှစ်များနှင့် အားကစားစိတ်ဓာတ်တို့ပေါင်းစပ်ထားသော ရိုးရာအကများ၊ တေးဂီတများဖြင့် စတင်ခဲ့ခြင်းဖြစ်သည်။ ပြီးခဲ့သည့်နှစ်များစွာအတွင်း ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သော "ASEAN Games" (ယခု SEA Games အဖြစ် ပြောင်းလဲကျင်းပ) ၏ သမိုင်းကြောင်းကိုလည်း မီးမောင်းထိုးပြသည်။

အပိုင်း (၂) မှာ "ချီတက်ခြင်း" ဖြစ်ပြီး ထိုအပိုင်းက ပရိသတ်များ စိတ်အလှုပ်ရှားရဆုံးအပိုင်းဖြစ်သည်။ အရှေ့တောင်အာရှ ၁၁ နိုင်ငံမှ အားကစားသမားစုစုပေါင်း ၁၃၀၀၀ ကျော်တို့သည် နိုင်ငံတော်အလံများကိုဝင့်ကြွားစွာကိုင်ဆောင်ရင်း ကွင်းအတွင်း ချီတက်လာကြသည်၊ ယခုနှစ်တွင် ထူးခြားသည်မှာ နိုင်ငံ့ကိုယ်စားလှယ်အဖွဲ့တစ်ခုချင်းစီကို ကမ္ဘာ့အဆင့်မီ အောင်မြင်မှုရရှိထားသည့် ထိပ်တန်းအလှမယ်တစ်ဦးက ဦးဆောင်ခဲ့ခြင်းပင်ဖြစ်သည်။ ဥပမာအားဖြင့် Miss World ဆုရှင် အပါအဝင် ထင်ရှားလှသော အလှမယ် ၁၁ ဦးသည် နိုင်ငံ့ကိုယ်စားပြုအဖွဲ့များကို ဦးဆောင်ကာ အားကစားသာမက ယဉ်ကျေးမှုနှင့်အလှအပဆိုင်ရာဂုဏ်ယူမှုကိုပါ တစ်ပြိုင်နက် ဖော်ပြခဲ့သည်။

အပိုင်း(၃)ကို "စည်းလုံးမှု အင်အား" ဟု ခေါင်းစဉ်ပေးထားပြီး အနုပညာနှင့် နည်းပညာတို့ပေါင်းစပ်မှုဖြင့် ဖျော်ဖြေမှုများ စတင်သည်။ ထိုင်းနိုင်ငံ၏ ပြောင်မြောက်သော ရိုးရာအကအလှများနှင့် ခေတ်ပေါ် ဖျော်ဖြေမှုများသည် ကွင်းအတွင်းရှိ LED မီးရောင်များနှင့် ဒရုန်းပုံဖော်မှုများဖြင့် အသက်ဝင်လာသည်။ ကမ္ဘာကျော် K-pop အဖွဲ့ဝင်ဟောင်းဖြစ်သူ ထိုင်းလူမျိုး အဆိုတော် BamBam Kunpimook ၏ စွမ်းအားပြည့်ဖျော်ဖြေမှုသည် လူငယ်ပရိသတ်များကိုဆွဲဆောင်ခဲ့ပြီး ထိုင်း Rap ဂီတပညာရှင် Golf F. Hero ၏ ဖျော်ဖြေမှုက အားကစားပွဲတော်၏ စိန်ခေါ်မှုနှင့် ခေတ်မီမှုတို့ကို ကိုယ်စားပြုသည်။ အဆိုရှင် Violette Wautier ၏သီဆိုမှုက ပွဲတော်ကြီး၏ ချစ်ခင်ရင်းနှီးမှုကို ဖော်ကျူးပြသနိုင်ခဲ့သည်။

အပိုင်း(၄)ဖြစ်သည့် "မီးတောက်နှင့် ကတိကဝတ်"သည် ဖွင့်ပွဲ၏အရေးအကြီးဆုံး အခိုက်အတန့်ဖြစ်သည်။ SEA Games မီးရှူးတိုင်ထွန်းညှိခြင်း အခမ်းအနားကို ပုံစံသစ်ဖြင့် တင်ဆက်ခဲ့သည်။ ရိုးရာအားကစားနည်းများတွင် ထိုင်းနိုင်ငံ၏ ဂုဏ်ယူစရာ အားကစားသမားများမှ တစ်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်လာသော မီးတိုင်သည် ကွင်းအတွင်းသို့ရောက်ရှိလာသည်။ နောက်ဆုံး မီးတိုင်ထွန်းညှိပြီးသည့်အခါတွင် ကွင်းတစ်ခုလုံး ပျော်ရွှင်မှုအပေါင်းဖြင့် ဆူညံသွားပြီး အားကစားပွဲတော်ကို တရားဝင်စတင်လိုက်ပြီဖြစ်ကြောင်း ကြေညာလိုက်သည်။

အပိုင်း(၅)ကို"အနာဂတ်သို့" ဟုအမည်ပေးထားပြီး ခေတ်မီနည်းပညာသုံး လေဆာရောင်ခြည်များ၊ မီးရှူးမီးပန်းများနှင့် ဒရုန်းပြပွဲများက ကောင်းကင်ယံကို လင်းလက်စေကာ အရှေ့တောင်အာရှ၏ ငြိမ်းချမ်းသောအနာဂတ်နှင့် အားကစား၏ စွမ်းအားကို ဖော်ညွှန်းပြသနိုင်ခဲ့သည်။

ယခုနှစ် အားကစားပွဲတော်တွင် ထိုင်းအစိုးရသည် "Green SEA Games" အယူအဆကို အလေးပေးဆောင်ရွက်ခဲ့သည်။ ပတ်ဝန်းကျင်ထိခိုက်မှု နည်းပါးစေရန် စွမ်းအင်ချွေတာသုံးစွဲခြင်း၊ ပြန်လည်အသုံးပြုနိုင်သောပစ္စည်းများကို အသုံးပြုခြင်းနှင့် ကာဗွန်ခြေရာလျှော့ချရေး အစီအမံများကိုချမှတ်ခဲ့သည်။ ထိုအချက်သည် အားကစားပွဲတော်ကြီးများက သဘာဝပတ်ဝန်းကျင်ကိုထိခိုက်စေမှုအပေါ် ကမ္ဘာ့အမြင်ပြောင်းလဲလာချိန်တွင် ထိုင်းနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ကတိကဝတ်ကိုဖော်ပြခြင်းပင်ဖြစ်သည်။

ယခုအားကစားပွဲတော်တွင် အားကစားနည်းပေါင်း ၅၀ ကျော် ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း ၁၁ နိုင်ငံမှ အားကစားသမားစုစုပေါင်း ၁၃၆၅၇ ဦးပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံကလည်း အားကစားနည်း ၃၈ မျိုးတွင် ကစားသမား ၁၅၀၀ နီးပါးဖြင့်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ နိုင်ငံ့ဂုဏ်ကိုဆောင်ကြမည်ဖြစ်သည်။ အထူးသဖြင့် ဘောလုံး၊ လက်ဝှေ့၊ ပိုက်ကျော်ခြင်းစသည့် အားကစားနည်းများတွင် မြန်မာတို့၏စွမ်းရည်ကို ဒေသတွင်း ပြန်လည်ပြသနိုင်ရန် မျှော်လင့်ထားသည်။ လက်ရှိမြင်တွေ့နေရသောမြန်မာ့အားကစားသမားများ၏ ရဲရင့်သောစိတ်ဓာတ်များသည် ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းလုံးသို့မြန်မာ့အားကစား၏ ကြိုးစားအားထုတ်မှုကို ထင်ဟပ်ပြသနေသည်။

ယနေ့ညတွင် ပြီးဆုံးသွားသည့် (၃၃) ကြိမ်မြောက် SEA Games ဖွင့်ပွဲသည် ထိုင်းနိုင်ငံ၏ ယဉ်ကျေးမှု အနုပညာ၊ စည်းရုံးနိုင်စွမ်းနှင့် ခေတ်မီနည်းပညာ တို့ကို တစ်ပြိုင်နက်တည်း ပြသနိုင်ခဲ့သည်။ ဤဖွင့်ပွဲသည် အားကစားပြိုင်ပွဲ၏ စတင်ခြင်းကိုသာမက အရှေ့တောင်အာရှဒေသတွင်းနိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ နားလည်မှုနှင့် ငြိမ်းချမ်းရေး၏ အရေးပါပုံကိုလည်း မီးမောင်းထိုးပြခဲ့သည်။ ကမ္ဘာ့အဆင့်မီ ဖျော်ဖြေမှုများ၊ ခမ်းနားသော အားကစားသမားချီတက်ပွဲများနှင့် စိတ်လှုပ်ရှားဖွယ်ရာ မီးရှူးထွန်းညှိခြင်း အခမ်းအနားတို့သည် (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော်ကို အရှေ့တောင်အာရှ၏သမိုင်းတွင် အမှတ်ရစရာပွဲတော်တစ်ခုအဖြစ် စွဲထင်စေပြီး နောက်ဆုံးတွင် ပြိုင်ပွဲဝင်အားကစားသမားအားလုံး အောင်မြင်မှုများရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။ ။

**ထက်မြတ်**

---

➪ **ကျောဖုံးမှအဆက်**

မခိုင်သဇင်ဖြိုးတို့ကလည်းကောင်း၊ မြန်မာအမျိုးသားအသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များအဖြစ် Linking (Event 3) ပြိုင်ပွဲတွင် မောင်မင်းသစ္စာအောင်၊ မောင်အောင်မြင့်မြတ်၊ မောင်ခန့်ဝင်းဟိန်း၊ မောင်ဝေယံဖြိုး၊ မောင်ရဝေအောင်၊ မောင်ဇော်လင်းမောင်၊ မောင်မူဝံကျော်၊ မောင်အောင်ပြည့်ဖြိုးဦးတို့ကလည်းကောင်း အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ရမှတ်အများဆုံးရရှိခဲ့သည်။ ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲအသင်းလိုက်အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ မလေးရှားအသင်း၊ လာအိုအသင်းတို့ ယှဉ်ပြိုင်ခတ်ကစားခဲ့ရာ မြန်မာအသင်းက ရမှတ်အများဆုံးရရှိခဲ့သည်။ ဗိုလ်လုပွဲကို ဒီဇင်ဘာလ ၁၀ ရက် နံနက် ၉ နာရီတွင် ကျင်းပသွားမည်ဖြစ်ပြီး မြန်မာအားကစားအဖွဲ့၏ ပွဲဦးထွက်ရွှေတံဆိပ်ကို ခြင်းလုံးအားကစားနည်းမှ ရရှိဖွယ်ရှိနေသည်။

ထို့ပြင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားကွင်းသွင်းခြင်းလုံးပွဲစဉ်တွင် အိမ်ရှင်အသင်းက ရမှတ် ၉၀၀၊ မြန်မာအသင်းက ၆၇၀ မှတ်ဖြင့် အသီးသီးဗိုလ်လုပွဲတက်ရောက်သွားကြသည်။ ဘရူနိုင်းအသင်းက ၄၈၀ မှတ်၊




တီမောလက်စ်တေက ၁၂၀ မှတ်ဖြင့် ကြေးတံဆိပ်ရရှိမည်ဖြစ်သည်။ ဗိုလ်လုပွဲကို ဒီဇင်ဘာလ ၁၀ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ကျင်းပသွားမည်ဖြစ်သည်။

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီးကွင်းသွင်းခြင်းလုံးပွဲစဉ်ကို လေးနိုင်ငံဝင်ရောက်ယှဉ်ပြိုင်ကြရာ အိမ်ရှင်အသင်းက ရမှတ်



၉၇၀ မှတ်၊ မြန်မာအသင်းက ၇၅၀ မှတ်ဖြင့် အသီးသီးဗိုလ်လုပွဲတက်ရောက်သွားကြသည်။ ဖိလစ်ပိုင်အသင်းက ၆၀၀ မှတ်၊ လာအိုက ၃၄၀ မှတ်ဖြင့် ကြေးတံဆိပ်ရရှိမည်ဖြစ်သည်။ ဗိုလ်လုပွဲကို ဒီဇင်ဘာလ ၁၀ ရက် နံနက် ၁၀ နာရီခွဲတွင်ကျင်းပသွားမည်ဖြစ်သည်။

အလားတူ ခရစ်ကတ် T10 အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဘန်ကောက်မြို့ရှိ TredThai Cricket Grounds, Asian Institute of Technology ၌ ကျင်းပခဲ့ရာ T10 အမျိုးသမီးပြိုင်ပွဲ ပထမနေ့အုပ်စုပွဲစဉ်တွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းက 10 Overs တွင် ဘောလုံးရိုက်ချက်ပေါင်း ရမှတ် ၉၉ မှတ် ရိုက်နိုင်ခဲ့ပြီး **စာမျက်နှာ ၂၃ သို့** ➪

# ထိုင်းနိုင်ငံက F-16 တိုက်လေယာဉ်များ အသုံးပြု၍ ကမ္ဘောဒီးယားနိုင်ငံရှိ ဆမ်ရောင်းမြို့ကို တိုက်ခိုက်

**ဖနွမ်းပင်၊ စစ်ရေး**

ထိုင်းနိုင်ငံက ဒီဇင်ဘာလ ၉ ရက်တွင် F-16 တိုက်လေယာဉ်များအသုံးပြုပြီး ကမ္ဘောဒီးယားနိုင်ငံရှိ ဆမ်ရောင်းမြို့ကို လေကြောင်းတိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း Khmer Times သတင်းစာက ဖော်ပြထားသည်။

ထိုလေကြောင်းတိုက်ခိုက်မှုကို ညနေ ၃ နာရီခွဲတွင်လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုကြောင့် အဆောက်အအုံများစွာနှင့် အခြေခံအဆောက်အဦများ ပျက်စီးခဲ့ရကြောင်း သတင်းစာက ဆက်လက်ဖော်ပြထားသည်။

ထိုင်းဝန်ကြီးချုပ် အာနူတင်ချန်ဗီရာကူက နိုင်ငံ၏လုံခြုံရေးနှင့်အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရန်လိုအပ်သည်များလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဒီဇင်ဘာလ ၈ ရက်တွင် ပြောထားသည်။ တစ်ချိန်တည်းမှာပင် လက်ရှိပဋိပက္ခဖြစ်ပွားမှုကြောင့် ထိုင်း-ကမ္ဘောဒီးယားနယ်စပ်ဒေသရှိထိုင်းပြည်သူ လေးသိန်းကျော်သည် ဘေးကင်းရာသို့ တိမ်းရှောင်နေရကြောင်း သိရသည်။ **Ref: Sputnik**

# ဂျပန်နိုင်ငံ၌ အလွန်အင်အားပြင်းလျှင်တစ်ခုလှုပ်ခတ် နာရီများစွာကြာပြီးနောက် ဆူနာမီသတိပေးချက်ကိုပြန်လည်ရုပ်သိမ်း



**တိုကျို၊ သဘာဝဘေး**

ဂျပန်နိုင်ငံမြောက်ပိုင်း၌ ဒီဇင်ဘာလ ၈ ရက်ညပိုင်းတွင် အလွန်အင်အားပြင်းသည့် ငလျင်တစ်ခုလှုပ်ခတ်မှုဖြစ်ပွားကြောင်းနှင့် လူပေါင်းများစွာ ဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာလ ၉ ရက်တွင် ထုတ်ပြန်ထားသည်။

ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိငလျင်သည် ဒေသစံတော်ချိန် ည ၁၁ နာရီ ၁၅ မိနစ်တွင် အိုမိုရီပစီဖိတ်ကမ်းရိုးတန်း၏ မြေအောက်အနက် ၅၄ ကီလိုမီတာကို ဗဟိုပြု၍လှုပ်ခတ်ခြင်းဖြစ်သည်။ အဆိုပါငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် မိုးလေဝသဌာနက အမြင့် ၃ မီတာအထိရှိသည့် ဆူနာမီလှိုင်း ဖြစ်ပေါ်နိုင်သည်ဟူသော သတိပေးချက်ကိုထုတ်ပြန်ခဲ့သည်။

သို့သော် အမြင့်ဆုံးဖြစ်ပေါ်ခဲ့သည့် ဆူနာမီလှိုင်း၏အမြင့်မှာ ၇၀ စင်တီမီတာသာရှိသောကြောင့် အဆိုပါသတိပေးချက်ထုတ်ပြန်ပြီးနာရီများစွာအကြာတွင် ယင်းသတိပေးချက်ကို တာဝန်ရှိသူများက ပြန်လည်ရုပ်သိမ်းလိုက်ခြင်းဖြစ်သည်။

လက်ရှိတွင် ဂျပန်မိုးလေဝသဌာနက အဆိုပါငလျင်ကြီး၏နောက်ဆက်တွဲအဖြစ် ငလျင်ငယ်များဆက်လက်ဖြစ်ပေါ်နိုင်သည့်အပြင် ကြီးမားသောငလျင်တစ်ခုလည်း ဖြစ်ပေါ်လာနိုင်ခြေရှိကြောင်း ထုတ်ပြန်ထားသည်။

အဆိုပါငလျင်ကြီးသည် ပြင်းအား ၈ မဂ္ဂနီကျူရှိနိုင်ပြီး လာမည့်ခုနစ်ရက်အတွင်း လှုပ်ခတ်နိုင်ကြောင်းနှင့် လှုပ်ခတ်နိုင်ခြေမှာ အပုံ ၁၀၀ လျှင် ၁ ပုံရှိကြောင်း သိရသည်။ **Ref: Xinhua**

# ဒေါ့ဒိုကျွန်းကို တောင်ကိုရီးယားနိုင်ငံက ပိုင်ဆိုင်သည်ဟု သမ္မတရုံးက ထပ်လောင်းအတည်ပြု

**ဆိုး၊ နိုင်ငံရေး**

နိုင်ငံအရှေ့ဖျားစွန်းရှိ ဒေါ့ဒိုကျွန်းသည် တောင်ကိုရီးယားနိုင်ငံပိုင် ကျွန်းဖြစ်သည်ဟု တောင်ကိုရီးယားသမ္မတရုံးက ဒီဇင်ဘာလ ၉ ရက်တွင် ထပ်လောင်းအတည်ပြုလိုက်ကြောင်းသိရသည်။

အရှေ့ပင်လယ်အတွင်းရှိ အဆိုပါကျွန်းသည် ဂျပန်နိုင်ငံကပိုင်ဆိုင်သောကျွန်းဖြစ်သည်ဟု ဂျပန်ဝန်ကြီးချုပ် ဆာနာအီတာကာအိချီ၏ ပြောဆိုချက်ထွက်ပေါ်လာပြီးနောက် တောင်ကိုရီးယားသမ္မတရုံးက ယခုကဲ့သို့ထုတ်ပြန်ခြင်းဖြစ်သည်။

ဒေါ့ဒိုကျွန်းသည် သမိုင်းကြောင်းအားဖြင့်သော်လည်းကောင်း၊ ပထဝီဝင်အရသော်လည်းကောင်း၊ နိုင်ငံတကာဥပဒေအရသော်လည်းကောင်း တောင်ကိုရီးယားနိုင်ငံက ပိုင်ဆိုင်သောကျွန်းဖြစ်ကြောင်း၊ ဂျပန်အစိုးရ၏ မတရားသောပြောဆိုနေမှုများကို ပြတ်ပြတ်သားသားဆန့်ကျင်ကန့်ကွက်ကြောင်း သမ္မတရုံး၏ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ **Ref: YH**

# ခရီးသည်များကို ဒုက္ခရောက်စေသည့် မည်သည့်လေကြောင်းလိုင်းကိုမျှ ခွင့်မလွှတ်ဟု အိန္ဒိယအစိုးရပြော

**နယူးဒေလီ၊ ပြည်တွင်းရေး**

အစိုးရအနေဖြင့် ခရီးသည်များကိုဒုက္ခရောက်စေသည့် မည်သည့်လေကြောင်းလိုင်းကိုမျှ ခွင့်မလွှတ်ကြောင်း အရပ်ဘက်လေကြောင်းသယ်ယူပို့ဆောင်ရေးဝန်ကြီး ရမ်မိုဟန်နိုင်ဒူကင်ဂျာရာပူက ဒီဇင်ဘာလ ၉ ရက်တွင်ပြောသည်။

နိုင်ငံ၏အကြီးဆုံးလေကြောင်းလိုင်းဖြစ်သော IndiGo ၏လုပ်ရပ်ကြောင့် ခရီးသည်များစွာ ကမောက်ကမဖြစ်ပြီးဒုက္ခရောက်ရစဉ် ဝန်ကြီးက ယခုကဲ့သို့သတိပေးလိုက်ခြင်းဖြစ်သည်။

အဆိုပါလေကြောင်းလိုင်းသည် ဒီဇင်ဘာလ ၂ ရက်တွင် လေကြောင်းခရီးစဉ်များပြေးဆွဲမှုကိုရပ်တန့်ပြီး ခရီးစဉ်အများအပြားကိုဖျက်သိမ်းလိုက်သောကြောင့် ခရီးသည်ထောင်ပေါင်းများစွာမှာ လေဆိပ်များတွင်သောင်တင်ပြီး ဒုက္ခများစွာရောက်ခဲ့ရကြောင်းသိရသည်။ **Ref: Xinhua**

# ထိုင်း-ကမ္ဘောဒီးယားနယ်စပ် ပဋိပက္ခကြောင့် ကျောင်းပေါင်း ၅၀၀ ကျော် ပိတ်ထားရ



**ဖနွမ်းပင်၊ စစ်ရေး**

ထိုင်းနိုင်ငံနှင့် နယ်စပ်တွင်လက်ရှိဖြစ်ပွားနေသော ပဋိပက္ခများကြောင့် နယ်စပ်ပြည်နယ်များရှိ ပိတ်ထားရသည့်စာသင်ကျောင်းအရေအတွက်သည် ဒီဇင်ဘာလ ၉ ရက်အထိ ၅၁၄ ကျောင်းရှိလာပြီဟု ကမ္ဘောဒီးယားပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

“ဒီကနေ့အထိ စာသင်ကျောင်းပေါင်း ၅၁၄ ကျောင်းကိုပိတ်ထားရပြီး ဒီလိုပိတ်ထားရတဲ့အတွက် ကျောင်းသား ၁၃၀၀၀၀ ဝန်းကျင်နဲ့ ကျောင်းဆရာ ၄၆၅၀ တို့ထိခိုက်ရပါတယ်”ဟု ပညာရေး၊ လူငယ်နှင့်အားကစားရေးရာဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုင်း - ကမ္ဘောဒီးယားနယ်စပ်ဒေသ၌ အပြန်အလှန်တိုက်ခိုက်မှုများသည် ဒီဇင်ဘာလ ၇ ရက် ညနေပိုင်းကတည်းကပြန်လည်ဖြစ်ပွားနေခြင်းဖြစ်သည်။ ထိုတိုက်ခိုက်မှုများကြောင့် အများဆုံးထိခိုက်ရသည့် ဒေသများမှာ အော့ဒါမင်းချေး၊ ပရီဗီဟီးရားနှင့် ဘန်တီးမင်းချေးတို့ဖြစ်သည်ဟု ဝန်ကြီးဌာန၏ထုတ်ပြန်ချက်၌ ဖော်ပြထားသည်ကိုတွေ့ရသည်။

ထို့ပြင် ယင်းပဋိပက္ခကြောင့် ကမ္ဘောဒီးယားပြည်သူ ခုနစ်ဦးအထိသေဆုံးထားပြီး လူဦးရေ ၅၄၅၅၀ ပါဝင်သော အိမ်ထောင်စုပေါင်း ၁၆၅၆၈ စုမှာ ကယ်ဆယ်ရေးစခန်းများတွင်နေထိုင်နေရကြောင်း သိရသည်။ **Ref: Xinhua**

# ဂျကာတာမြို့လယ်ရှိ အထပ်မြင့်ရုံးတစ်လုံးမီးလောင် အနည်းဆုံး လူ ၂၂ ဦးသေဆုံး

**ဂျကာတာ၊ မတော်တဆမှု**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့လယ်ရှိ အထပ်မြင့်ရုံး အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားရာ အနည်းဆုံး လူ ၂၂ ဦး သေဆုံးကြောင်း တာဝန်ရှိသူများကပြောသည်။

အဆိုပါမီးလောင်မှုသည် ဒီဇင်ဘာလ ၉ ရက်တွင် ခုနစ်ထပ်ရုံးအဆောက်အအုံ၌ ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ဒရုန်းဘက်ထရီတစ်လုံးက အဆောက်အအုံ၏ပထမထပ်တွင်ပေါက်ကွဲခြင်းကြောင့် မီးလောင်မှုဖြစ်ပွားပြီး ယင်းမှတစ်ဆင့် အပေါ်ထပ်များသို့ မီးကူးစက်လောင်ကျွမ်းခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ထုတ်ပြန်ထားသည်။

သို့သော် မီးလောင်မှုဖြစ်ပွားရသည့် အခြေအနေအသေးစိတ်နှင့်ပတ်သက်၍ တာဝန်ရှိသူများက စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဂျကာတာရဲတပ်ဖွဲ့မှူး ဆူဆတ်ယိုပါနီမိုကွန်ဒရိုက သတင်းထောက်များကိုပြောသည်။

မီးလောင်မှုဖြစ်ပွားချိန်တွင် အဆောက်အအုံ၏တံခါးများမှာပိတ်ထားကြောင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များမှာ တံခါးများကိုရိုက်ဖျက်ပြီးဝင်လာရကြောင်း မျက်မြင်တွေ့ရှိသူများကပြောသည်။ ထိုမီးလောင်မှုကိုငြိမ်းသတ်ရန် မီးသတ်သမား ၁၀၀ နှင့် မီးသတ်ကား ၂၉ စီးတို့ကိုအသုံးပြုခဲ့ရသည်ဟု ဂျကာတာမီးသတ်ဌာနကထုတ်ပြန်ထားကြောင်းသိရသည်။ **Ref: ST**



# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၉**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပမှုကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာများ၊ အများပြည်သူဆိုင်ရာနေရာများ၌ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ အမှတ်(၄၀) ရပ်ကွက်နေ ကျော်မင်းဦး (၄၁)နှစ်သည် ၎င်းအသုံးပြုသည့် "Kyaw Min Oo" Facebook အကောင့်ဖြင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအား အများပြည်သူအထင်အမြင်လွဲမှားစေရန် လူမှုကွန်ရက်စာမျက်နှာ၌ Live လွှင့်ပြောကြားခဲ့သဖြင့် ဖော်ထုတ်ဖမ်းဆီးပြီး ကျော်မင်းဦးအား ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း (ပ)၈၄၃/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း၊

အလားတူ ဒီဇင်ဘာလ ၄ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အစုကြီးကျေးရွာဘုရားလမ်းထိပ်၌ ၈၈ မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား အဆိုပါကျေးရွာနေ သန်းကြိုင်စိုး(ခ)ကိုပု (၃၉)နှစ်မှ ဖျက်ဆီးခဲ့သဖြင့် သန်းကြိုင်စိုး(ခ)ကိုပုအား ဒီဇင်ဘာလ ၅ ရက်နေ့တွင် တက်သစ်နယ်မြေရဲစခန်း (ပ)၈၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ ဒီဇင်ဘာလ ၅ ရက်နေ့တွင် မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ သုခမ္မလမ်းမကြီးနှင့် ဥဇ္ဇနာလမ်းထောင့်၌ တစ်သီးပုဂ္ဂလပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရသဖြင့် ဖျက်ဆီးသွားသူအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါရပ်ကွက်နေ အောင်မျိုးဇော်(ခ)မျောက်ကြီး (၃၅)နှစ်ဖြစ်ကြောင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းအား ဒီဇင်ဘာလ ၅ ရက်နေ့တွင်မြောက်ဥက္ကလာပမြို့မရဲစခန်း (ပ)၄၄၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း အမှုဖွင့်ဖမ်းဆီးပြီး ထိရောက်ပြစ်ဒဏ်ရရှိရေး ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နိုဝင်ဘာလ ၅ ရက်နေ့ နံနက် ၁၀ နာရီခွဲအချိန်တွင် ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်မြိုင် (၅၉)နှစ်သည် နေအိမ်၌ရှိနေစဉ် KIA လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့ဝင် ၃ ဦးမှ ဆိုင်ကယ် ၂ စီးဖြင့် ရောက်ရှိလာပြီး ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင်ပါဝင်ဆောင်ရွက်ခြင်းမပြုရန်ခြိမ်းခြောက်တားမြစ်ခဲ့သဖြင့် ၎င်းသောင်းကျန်းသူ (စိစစ်ဆဲ) ၃ ဦးအား ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရွှေကူမြို့မရဲစခန်း (ပ)၁၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား "Thandar Oo" Facebook အကောင့်မှ ပြန်လည်မျှဝေလွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ ဒေါ်သန္တာဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား နိုဝင်ဘာလ ၃၀ ရက်နေ့တွင် တာမွေမြို့မရဲစခန်း (ပ)၃၆၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့၊ ကံသာရပ်ကွက်၊ တိန်နန်းတံတားအနီး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာလ ၃ ရက်နေ့တွင် ညောင်ရွှေမြို့မရဲစခန်း (ပ)၁၁၄/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့နယ်၊ အောင်ပင်သာကျေးရွာ၊ ပေါင်းတည်-တာပွန်သွားကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား မီးရှို့ဖျက်ဆီးခြင်းခံခဲ့ရသဖြင့် ကျူးလွန်သူအား စုံစမ်းဖော်ထုတ်ခဲ့ရာ အဆိုပါကျေးရွာနေ မင်းဇော်သိန်း (၄၂)နှစ်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား တာပွန်နယ်မြေရဲစခန်း (ပ)၈၁/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ)ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၂၇ ရက်နေ့ ည ၁၁ နာရီ ၅ မိနစ်အချိန်တွင် ကချင်ပြည်နယ်၊ ဟိုပင်မြို့၊ ခုနှစ်မိုင်ကျေးရွာနေ ရပ်/ကျေးစာရေး ဒေါ်မိုးမိုးအောင်(ခ)မမိုး (၆၁)နှစ်သည် နေအိမ်၌ရှိနေစဉ် သေနတ်ကိုင်ဆောင်ထားသူ အမျိုးသား ၄ ဦး(စိစစ်ဆဲ) ရောက်ရှိလာပြီး မဲစာရင်းစာရွက်ထုပ်အား ခြိမ်းခြောက်တောင်းယူ၍ဖမ်းဆီးခေါ်ဆောင်သွားကာ တောတွင်းအရောက်၌ မဲစာရင်းများအား မီးရှို့ဖျက်ဆီးပြီး ၎င်းအား ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား မပြုလုပ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့သဖြင့် အဆိုပါ အမျိုးသား ၄ ဦး(စိစစ်ဆဲ)အား ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဟိုပင်နယ်မြေရဲစခန်း (ပ)၄၀/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(ခ) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပတ်ကုန်းဝန်းကျင်ရပ်ကွက်၊ လမ်း ၃၀ နှင့် ၇၁ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့်ဖျက်ဆီးသွားသူ(စိစစ်ဆဲ)အား နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်း (ပ)၁၉၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကိုနှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာမြို့နယ်၊ လွှဗာကျေးရွာ ရွာလယ်လမ်းဆုံ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာလ ၁ ရက်နေ့တွင် ပြင်စလူနယ်မြေရဲစခန်း (ပ)၅၂/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်၊ တခွက်ဖိုးကျေးရွာ၊ ရွာလယ်ဘုန်းကြီးကျောင်းအနီး ဘားအံ-မြိုင်ကြီးငူသွား ကားလမ်းဘေး၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့်ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ)အား ဒီဇင်ဘာလ ၂ ရက်နေ့တွင် ရွှေဂွန်းနယ်မြေရဲစခန်း (ပ)၅/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့်လည်းကောင်း၊

အလားတူ ဒီဇင်ဘာလ ၂ ရက်နေ့တွင် Facebook လူမှုကွန်ရက်စာမျက်နှာပေါ်၌ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များကို အများပြည်သူအထင်အမြင်လွဲမှားစေရန် ရေးသားထားသည့် စာသားများအား "ထိန်လင်း" Facebook အကောင့်မှ ပြန်လည်မျှဝေလွှင့်တင်ထားသည်ကို တွေ့ရှိရသဖြင့် ၎င်းအကောင့်ပိုင်ရှင်အား စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်နေ ထိန်လင်းဖြစ်ကြောင်းသိရှိရသဖြင့် ၎င်းအား ဒီဇင်ဘာလ ၂ ရက်နေ့တွင် ဗိုလ်တထောင်မြို့မရဲစခန်း(ပ)၆၉၉/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာလ ၃ ရက်နေ့ နံနက် ၆ နာရီ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ ၂၉ လမ်း၊ ၈၄ လမ်းနှင့် ၈၅ လမ်းကြား၌ ဆန့်ကျင်စာများ ကြဲချခဲ့ကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တေဇာဆန်း၊ ခန့်ဝေဖြိုး၊ နန်းလင်း၊ ထက်မြတ်အောင်၊ မေချီ (ခ) ချီချီ၊ မရွှန်း (ခ) ရွှန်းရွှန်းနှင့် အမျိုးသား ၄ ဦး(စိစစ်ဆဲ) တို့သည် ၂၉ လမ်းအတိုင်း ဆိုင်ကယ် ၅ စီးဖြင့် ရောက်ရှိလာပြီး ၂၉ လမ်းနှင့် ၈၄ လမ်းထောင့်အရောက်၌ ၈၄ လမ်းနှင့် ၈၅ လမ်းကြားအတွင်း လမ်းလျှောက်သွားကာ ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများအား အများပြည်သူအထင်အမြင်လွဲမှားစေရန် အော်ဟစ်ကာ ရွေးကောက်ပွဲအားဆန့်ကျင်ရေးသားထားသည့် စာရွက်များအား ကြဲချခဲ့ခြင်းဖြစ်ကြောင်းသိရှိရသဖြင့် တေဇာဆန်းပါ ၁၀ ဦးတို့အား ဒီဇင်ဘာလ ၃ ရက်နေ့တွင် ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၆) နယ်မြေရဲစခန်း(ပ)၇၆/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(ခ)ဖြင့်လည်းကောင်း၊

အလားတူ ဒီဇင်ဘာလ ၃ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ်(၆) ရပ်ကွက်၊ ကုန်သည်လမ်းနှင့် ၂၉ လမ်းထောင့်၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ (စိစစ်ဆဲ) အား ဒီဇင်ဘာလ ၇ ရက်နေ့တွင်ပန်းဘဲတန်းမြို့မရဲစခန်း (ပ)၁၀၇/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က) ဖြင့် လည်းကောင်း၊

အလားတူ ဒီဇင်ဘာလ ၅ ရက်နေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်၊ အင်းခေါင်းကျေးရွာ၌ ပြည်ခိုင်ဖြိုးပါတီ၏ ရွေးကောက်ပွဲမဲဆွယ်စည်းရုံးရေးအဖြစ် စိုက်ထူထားသည့် ဆိုင်းဘုတ်အား ဖျက်ဆီးခံထားရသဖြင့် ဖျက်ဆီးသွားသူ(စိစစ်ဆဲ) အား ဒီဇင်ဘာလ ၅ ရက်နေ့တွင် ဟဲဟိုးနယ်မြေရဲစခန်း (ပ)၆၈/၂၀၂၅၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က) ဖြင့်လည်းကောင်း အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ထိရောက်စွာဖမ်းဆီးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ကြိုတင်မျှော်တွေးချက်နဲ့ ပြည်သူ့အကျိုးအတွက် နွေးထွေးတဲ့ ကမ်းလင့်ချက်"**ခေါင်းစဉ်ဖြင့် ၁၀-၁၂-၂၀၂၅ ရက်**(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၇-၁၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် **"ရွေးကောက်ပွဲမကျင်းပနိုင်ရေး နှောင့်ယှက်ဖျက်ဆီးရုံမက အကြမ်းဖက်ဝါဒ စွဲကိုင်ပြီး ဒလန်ခေါင်းစဉ်တပ် ဖျက်ဆီးသတ်ဖြတ်နေတဲ့အကြမ်းဖက် PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်မည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# အတ္တလန္တာအသင်းက အသင်းမှ ကွင်းလယ်ကစားသမား အီဒါဆန်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်ဆွေးနွေး

ရောမ ဒီဇင်ဘာ ၉

အတ္တလန္တာအသင်းက မန်ယူအသင်းအပါအဝင် ပရီးမီးယားလိဂ်ကလပ်အသင်းများက ခေါ်ယူရန် စီစဉ်နေသည့် ကွင်းလယ်ကစားသမား အီဒါဆန်အား သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် အီဒါဆန်သည် ၂၀၂၃ ခုနှစ်က ဆလာနီတာနာအသင်းမှ အတ္တလန္တာအသင်းထံ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက အကောင်းဆုံးခြေစွမ်းပြနိုင်ပြီးနောက် ပရီးမီးယားလိဂ်ကလပ်အသင်းအများစုက ခေါ်ယူရန်စီစဉ်နေခြင်းဖြစ်သည်။

အီဒါဆန်အား ပြီးခဲ့သည့် ကစားသမားအပြောင်းအရွှေ့ကာလကတည်းက မန်ယူအသင်းကခေါ်ယူရန် ကြိုးပမ်းခဲ့ပြီး မအောင်မြင်ခဲ့သည့်အတွက် လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလ သို့မဟုတ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန်ကြိုးပမ်းနေခြင်းဖြစ်ကြောင်း သိရသည်။

အီဒါဆန်အား မန်ယူအသင်းအပြင် မြို့ခံပြိုင်ဘက်ဖြစ်သည့် မန်စီးတီးအသင်းက ခေါ်ယူရန်စီစဉ်နေပြီး အတ္တလန္တာအသင်းက လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးနေခြင်းဖြစ်သည်။

မန်ယူအသင်းက လာမည့်ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကွင်းလယ်ပိုင်းကို အပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်နေသည့်အတွက် အီဒါဆန်အား ဦးစားပေးခေါ်ယူလိုနေကြောင်း သိရသည်။

*Ref;Fabrizo Romano*



# လီဗာပူးအသင်းက အသင်းနှင့်အဆင်မပြေဖြစ်နေသည့် ဆာလက်ချ်အား အသင်းကစားသမားစာရင်းမှ အကန့်အသတ်မရှိထုတ်ပယ်ထား

လန်ဒန် ဒီဇင်ဘာ ၉

လီဗာပူးအသင်းက အသင်းနှင့် ဆက်ဆံရေးမပြေလည်မှုများရှိနေပြီး အသင်းကို ဝေဖန်မှုများ လုပ်ဆောင်ခဲ့သည့် ဆာလက်ချ်အား အသင်းကစားသမားစာရင်းမှ အကန့်အသတ်မရှိထုတ်ပယ်ထားကြောင်း သိရသည်။

လီဗာပူးအသင်းနည်းပြ ဆလော့က နောက်ဆုံးကစားခဲ့သည့် သုံးပွဲတွင် ဆာလက်ချ်အား ပွဲထွက်ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ပြီး ဆာလက်ချ်အနေဖြင့် ဝက်စ်ဟမ်းအသင်း၊ ဆန်းဒါးလန်းအသင်းတို့နှင့်ပွဲစဉ်တွင် လူစားဝင်ကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း နောက်ဆုံးကစားသည့် လိဒ်အသင်းနှင့်ပွဲစဉ်တွင် ကစားခွင့်လုံးဝမရရှိခဲ့ခြင်းဖြစ်သည်။

ဆာလက်ချ်က သုံးပွဲဆက်ပွဲထွက်ကစားသမားစာရင်းမှချန်လှပ်ခံရပြီးနောက် အင်တာဗျူးအစီအစဉ်တစ်ခုတွင် လီဗာပူးအသင်းနှင့် နည်းပြ ဆလော့တို့၏ လုပ်ရပ်ကို ပြင်းပြင်းထန်ထန်ဝေဖန်မှုများ လုပ်ဆောင်ပြီးနောက် အသင်းနှင့် ဆက်ဆံရေးပိုမိုတင်းမာလာပြီး လီဗာပူးအသင်းက ဆာလက်ချ်အား အသင်းကစားသမားစာရင်းမှ အကန့်အသတ်မရှိထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းက ဆာလက်ချ်အား အင်တာမီလန်အသင်းနှင့်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင်လည်း ကစားသမားစာရင်းမှချန်လှပ်ခဲ့ပြီး လာမည့် ဘရိုက်တန်အသင်းနှင့်ပွဲစဉ်တွင်လည်း ဆက်လက်ချန်လှပ်သွားမည့်အပြင် မည်သည့်အချိန်မှ ကစားသမားစာရင်းတွင်ပြန်လည်ထည့်သွင်းမည်ကို ထုတ်ပြန်ခြင်းမရှိခဲ့ကြောင်း သိရသည်။

ဆာလက်ချ်ကိုယ်တိုင်ကလည်း အသင်းနှင့်ဆက်ဆံရေးပိုမိုတင်းမာလာပြီးနောက် လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားပြီး ၎င်းကို ဆော်ဒီပရိုလိဂ် ထိပ်တန်းကလပ်အသင်းကြီးများအပြင် တူကီယဲ ထိပ်တန်းကလပ်အသင်းဖြစ်သည့် ဂါလာတာဆာရေးအသင်းကလည်းခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;The Athletic*

# ရီးယဲလ်မက်ဒရစ်အသင်း နည်းပြသစ်ရာထူးအတွက် လီဗာပူးအသင်းနည်းပြဟောင်း ကလော့ ထိပ်ဆုံးမှရေပန်းစားနေ



မက်ဒရစ် ဒီဇင်ဘာ ၉

ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ရလဒ်များ မတည်မငြိမ်ဖြစ်နေသည့်အတွက် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်ပြင်ဆင်နေပြီး နည်းပြသစ်အဖြစ် လီဗာပူးအသင်းနည်းပြဟောင်း ကလော့ကထိပ်ဆုံးမှ ရေပန်းစားနေကာ နည်းပြဟောင်း ဇီဒန်းအားလည်း ခန့်အပ်ရန်စီစဉ်နေကြောင်း သိရသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ပြီးခဲ့သည့်ဘောလုံးရာသီအကုန်က နည်းပြအန်ဆယ်လော့တီနှင့်စာချုပ်သက်တမ်းကုန်ဆုံးကာ လမ်းခွဲပြီးနောက် နည်းပြသစ်အဖြစ် ကစားသမားဟောင်းဖြစ်သည့် အလွန်ဆိုအား ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုသည် လေဗာကူဆင်အသင်းကို တာဝန်ယူကိုင်တွယ်ခဲ့ရာတွင် ဂျာမန်ဘွန်ဒက်စ်လီဂါ ဖလားအပါအဝင် ဆုဖလားများစွာ ဆွတ်ခူးနိုင်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်း၌ ရုန်းကန်နေရခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် နည်းပြအလွန်ဆိုလက်အောက်တွင် ယခုဘောလုံးရာသီအစပိုင်းက ရလဒ်ကောင်းများရရှိခဲ့သော်လည်း နောက်ပိုင်းကာလများတွင် ရလဒ်များဆက်တိုက်ဆိုးရွားလာပြီး စပိန်လာလီဂါပြိုင်ပွဲ၌ နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် တစ်ပွဲသာအနိုင်ရရှိကာ သုံးပွဲသရေရလဒ်ဖြင့် နောက်ဆုံးကစားခဲ့သည့် ဆယ်တာဗီဂိုအသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင်လည်း ၂ ဂိုး – ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် စတင်ပြင်ဆင်နေခြင်းဖြစ်သည်။

နည်းပြအလွန်ဆိုသည် အစောပိုင်းကလည်း အသင်းမှ အဓိကကစားသမားများဖြစ်သည့် ဗင်နီစီးယက်စ်၊ ဘယ်လင်ဟမ် အစရှိသည့် ကစားသမားအများစုနှင့်လည်း ဆက်ဆံရေးမပြေလည်မှုများရှိနေသည့်အတွက် ရီးယဲလ်မက်ဒရစ်အသင်းက နည်းပြအပြောင်းအလဲလုပ်ဆောင်ရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းက အလွန်ဆိုအား ထုတ်ပယ်ခဲ့ပါက ယာယီနည်းပြအဖြစ် ကစားသမားဟောင်းတစ်ဦးဖြစ်သည့် အာဘီလိုအား ခန့်အပ်ရန် ဆုံးဖြတ်ထားခြင်းဖြစ်ပြီး နည်းပြကလော့သည်လည်း လီဗာပူးအသင်းက ကမ်းလှမ်းလာမည်ဆိုပါက နည်းပြလောကသို့ ပြန်လည်ဝင်ရောက်ဖွယ်ရှိကြောင်း သိရသည်။

*Ref;Fotmob*

# အနားယူပြီးမှ အနာဂတ်အတွက် ဆုံးဖြတ်မည်ဖြစ်ကြောင်း နေမာပြောကြား

ရီယိုဒီဂျနေးရိုး ဒီဇင်ဘာ ၉

ဘရာဇီးကလပ် ဆန်းတို့စ်အသင်းတိုက်စစ်ကစားသမား နေမာက အနားယူပြီးမှသာ အနာဂတ်နှင့်ပတ်သက်ပြီး ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နေမာသည် ပြီးခဲ့သည့် ဩဂုတ်လက အယ်ဟီလယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးနောက် အသင်းဟောင်းဆန်းတို့စ်အသင်းထံကာလတို စာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့် စာချုပ်သက်တမ်းမှာ ယခုလကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ ဘရာဇီးပြည်တွင်းလိဂ်ပြိုင်ပွဲမှာလည်း ပြီးဆုံးပြီဖြစ်သည့်အတွက် နေမာနှင့် ဆန်းတို့စ်အသင်းတို့ စာချုပ်သက်တမ်းမှာ ရက်သတ္တပတ်အနည်းငယ်သာကျန်ရှိတော့မည်ဖြစ်သောကြောင့် မကြာမီ ကလပ်အသင်းလက်မဲ့ကစားသမားတစ်ဦးဖြစ်လာမည်ဖြစ်သည်။

ယခုဘောလုံးရာသီတွင် ဆန်းတို့စ်အသင်းသည် ဘရာဇီးပြည်တွင်းလိဂ်ပြိုင်ပွဲမှ တန်းဆင်းရမည့်အရေးနှင့်ရင်ဆိုင်ခဲ့ရသော်လည်း နေမာခြေစွမ်းပြနိုင်မှုနှင့်အတူ နောက်ဆုံးကစားခဲ့သည့် သုံးပွဲဆက်အနိုင်ရရှိပြီးနောက် တန်းဆင်းရမည့်အန္တရာယ်မှ လွတ်မြောက်ခဲ့သည့်အပြင် အမှတ်ပေးဇယားအဆင့် ၁၂ နေရာ၌ ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

*Ref;Fabrizio Romano*

ညအိပ်ထွက်ရန် အဆင်မပြေသူများ၊ အချိန်ပြည့်
စခန်းမဝင်နိုင်သူများ၊ နည်းစနစ်အခြေခံကောင်း မရသေးသူများ၊
အိမ်မှာ ပုံမှန်အားထုတ်ရာ၌ နည်းစနစ်အခြေခံရလိုသူများ၊
တရားစခန်းဝင်ချိန်မှာငြိမ်းအေးပြီး၊ အိမ်ပြန်ရောက်၍ နေ့စဉ်ဘဝမှာ
လုပ်ကိုင်စားသောက်ရာ၌ ပူပူဆူဆူဖြစ်နေသူများ၊
နေ့စဉ်ဘဝမှာပါ ငြိမ်းအေးချမ်းသာအောင်မြင်ပြီး
"သံသရာဒုက္ခ"မှ ထွက်နည်းရလိုသူများအတွက်
လယ်တီမူအနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်
မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီးဦးသန်းတပည့်ကမ္မဋ္ဌာနာစရိယများ ပြသပေးသော
လယ်တီ-နေ့(၁၀)ရက်၊ အချိန်ပိုင်းတရားစခန်း
ရွှေတိဂုံဘုရား မြောက်ဘက်မုခ်၊ ပဒုတ္တုမြမ္မာရုံမှာ လစဉ် အင်္ဂလိပ်(၁၅)ရက်မှ (၂၄)ရက်ထိ
နေ့လယ် (၁၂း၃၀) မှ (၄း၁၀) နာရီအတွင်း လာရောက်နာယူအားထုတ်နိုင်ပါသည်။
ဆက်သွယ်ရန်-ဆရာဦးစိုးနိုင်(လယ်တီကမ္မဋ္ဌာနာစရိယ) ၀၉-၂၅၈၉၁၄၄၁၃

မြဝတီ နေ့စဉ် ရောင်စုံ သတင်းစာ
လူမှုရေး/စီးပွားရေးကြော်ငြာများ
(30 % Discount Off)
မြန်မာပြည်အနှံ့ဖြန့်ချိလျက်ရှိသော မြဝတီရောင်စုံနေ့စဉ်သတင်းစာဖတ်ပရိသတ်များအား ကျေးဇူးတုံ့ပြန်သောအားဖြင့် လူမှုရေးဝန်ဆောင်မှုလုပ်ငန်းများကို မူလကောက်ခံလျက်ရှိသော ကြော်ငြာခနှုန်းထား (၁လက်မ×၁ကော်လံ)(၆၀၀၀ိ/-)နှုန်းအစား(30% Discount)လျှော့၍ ထည့်သွင်းဖော်ပြပေးလျက်ရှိသဖြင့် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်-
- မြဝတီသတင်းစာတိုက်(နေပြည်တော်)၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ ဖုန်း-၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊ ၀၃၂-၃၀၂၆၂၊ ၀၃၂-၃၀၂၆၄
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ရန်ကုန်)၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ဖုန်း-၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၀၊ ၀၁၈-၃၉၇၃၃၁၊ ၀၃၁-၇၄၀၂၂
- မြဝတီသတင်းစာတိုက်ရုံးခွဲ(မန္တလေး)၊ ၈၄လမ်း၊ ၂၉×၃၀လမ်းကြား၊ ၀၉-၆၈၈၈၈၃၅၈
- မြဝတီသတင်းစာတိုက်ရုံးခွဲ(ကျိုင်းတုံ)၊ လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၃၄-၇၃၆၀၁၊ ၀၉-၂၅၀၅၅၆၆၃၈
- Online ဖြင့်လည်း E-mail: mwddailynewspapergroup@gmail.com သို့ ဆက်သွယ်ကြော်ငြာထည့်သွင်းနိုင်ပါသည်။

ပျောက်ဆုံးကြောင်း
ဟန်နီထွန်း(ဘ)ဦးမြဝင်း ၁၄/ဖပန(နိုင်)၁၆၁၇၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၄၂၂၅၀၅၁

ပျောက်ဆုံးကြောင်း
ညီညီကျော်(ဘ)ဦးဇော်တင် ၁၁/စတန(နိုင်)၀၆၃၂၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(A 305638)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၀၃၅၄၈၈၆

ပျောက်ဆုံးကြောင်း
ဟိဏ်းသူရဟန်(ဘ)ဦးအောင်မျိုးသန်း ၁၂/တမန(နိုင်)၁၂၇၂၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၁၅၂၆၉၆

ပျောက်ဆုံးကြောင်း
သိန်းသန်းစိုး(ဘ)ဦးကြည်မြင့် ၉/လဝန(နိုင်)၂၇၆၅၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း
ကျော်သက်(ဘ)ဦးတင်ရွှေ ၁၄/ပတန(နိုင်)၂၃၁၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၃၂၄၆၄၇၆

ပျောက်ဆုံးကြောင်း
ရဲဝင်းနိုင်(ဘ)ဦးမြင့်ဇော် ၇/ကဝန(နိုင်)၁၉၃၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၉၇၀၀၉၇၃

ပျောက်ဆုံးကြောင်း
မာနိတထေရီ(ဘ)ဦးငွေလွင် ၁၂/ဥကမ(သီ)၀၁၁၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၀၂၉၁၃၅

ပျောက်ဆုံးကြောင်း
မောင်တန်ရှန်(ဘ)ဦးလဇိန်လ ၁/ဗမန(နိုင်)၀၈၂၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၈၀၃၆၁၄၆၉

ပျောက်ဆုံးကြောင်း
မနုနုလွင်(ဘ)ဦးသံချောင်း(ခ)မြင့်လွင် ၁၂/ဒလန(နိုင်)၀၆၈၀၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 882446)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

ပျောက်ဆုံးကြောင်း
အိန္ဒာအောင်(ခ)လှမိုင်(ဘ)ဦးနေအောင် ၁/မကန(နိုင်)၂၉၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

# (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် ပြေးခုန်ပစ်၊ ဂျူဒို၊ ကရာတေးနှင့် ရွက်လှေအားကစားအဖွဲ့များထွက်ခွာ

**ရန်ကုန် ဒီဇင်ဘာ ၉**

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များဖြစ်သည့် ပြေးခုန်ပစ်၊ ဂျူဒို၊ ကရာတေးနှင့် ရွက်လှေအားကစားအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ထွက်ခွာသွားကြသည်။

"ဆီးဂိမ်းပြိုင်ပွဲအတွက် ၉ လပိုင်းမှာ ဂျပန်နိုင်ငံကို သွားရောက်ပြီး ဂျပန်ဂျူဒိုအားကစားသမားတွေနဲ့အတူ တစ်လတာ လေ့ကျင့်မှုတွေ ဆောင်ရွက်ထားပါတယ်။ ပြိုင်ဘက်အားကစားသမားရဲ့ ကစားပုံ၊ ကစားနည်းကို ပုံဖော်ပြီး ကြိုတင်ပြင်ဆင်လေ့ကျင့်ထားပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲ အနုတ် ၂၈ ကီလိုတန်းမှာ ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ အဓိကပြိုင်ပွဲမှာ ဆီမီးနဲ့ ဖိုင်နယ်ပွဲစဉ်တွေမှာတွေ့နေကျ ထိုင်းဂျူဒိုအားကစားသမားရဲ့ ကစားပုံ၊ ကစားနည်း ဗီဒီယိုတွေကြည့်ပြီး လေ့လာထားပါတယ်။ သူ့ရဲ့အားနည်းချက်၊ အားသာချက်ကို ဘယ်လိုယှဉ်ပြိုင်ပြင်ဆင်ရမယ်ဆိုတာကို အလေးထားလေ့ကျင့်ထားတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲက ကျွန်မကနောက်ဆုံးကစားရမှာဖြစ်တော့ ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားခဲ့ပါမယ်"ဟု ဂျူဒိုအားကစားသမား မအေးအေးအောင်က ပြောသည်။

"ပြိုင်ပွဲအတွက်အကောင်းဆုံးကြိုးစားပြီး အကောင်းဆုံးရလဒ်ထွက်အောင် ပြင်ဆင်ထားပါတယ်။ ကျွန်တော်တို့ ပြိုင်ပွဲအတွက် Camp ဝင်တာ ၂ နှစ်ခွဲရှိပါတယ်။ ကြားပွဲတွေလည်းသွားရောက်ကစားပြီး လေ့ကျင့်ခဲ့တာဖြစ်တဲ့အတွက် ဒီနှစ်တော့အကောင်းဆုံးရလဒ်ထွက်မယ်လို့ မျှော်လင့်ပါတယ်။ အဓိကပြိုင်ဘက်က ထိုင်းပါ၊ မနှစ်ကလည်း လက်ရှိချန်ပီယံဖြစ်တဲ့အတွက် သူတို့ကစားထားတဲ့ပွဲတွေကြည့်ပြီး လေ့လာဖြစ်ပါတယ်။ ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆုရအောင် ကြိုးစားယှဉ်ပြိုင်ခဲ့ပါမယ်။ အားပေးကြပါဦးလို့ ပြောချင်ပါတယ်"ဟု ဂျူဒိုအားကစားသမား မောင်ထက်အောင်က ပြောသည်။

"(၃၃)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲအတွက် အမျိုးသမီးအားကစားသမား၅ဦး၊အမျိုးသား အားကစားသမား ၈ ဦးရွေးချယ်ထားတယ်။ အားကစားသမားတွေက အားထားရတဲ့ အားကစားသမားတွေဖြစ်ပါတယ်။ အခုဆီးဂိမ်းပြိုင်ပွဲမှာ အမျိုးသမီး ဝိတ်တန်း ၄ တန်းပဲ ထည့်ထားပေးတယ်။ ပြိုင်ပွဲအမျိုးအစားက တစ်ဦးချင်းပြိုင်ပွဲမှာ အမျိုးသမီး ဝိတ်တန်း လေးတန်း၊ အမျိုးသားဝိတ်တန်း ငါးတန်း စုစုပေါင်း ဝိတ်တန်းကိုးတန်း၊ ခတပြိုင်ပွဲမှာ အမျိုးသမီးတစ်တန်း၊ အမျိုးသားတစ်တန်း၊ တစ်ဦးချင်းစီ ပါဝင်ယှဉ်ပြိုင်ကြမှာပါ။ ၁၀ ရက်နေ့မှာ အမျိုးသား၊ အမျိုးသမီး ခတပြိုင်ပွဲ၊ ၁၂ ရက်၊ ၁၃ ရက်မှာ တစ်ဦးချင်းပြိုင်ပွဲနဲ့ ၁၄ ရက်မှာ နောက်အဆင့်ပြိုင်ပွဲတစ်ပွဲ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ဆုအနေနဲ့က အမျိုးသမီးအားကစားသမားတွေကို ပိုပြီးမျှော်မှန်းထားပါတယ်"ဟု ဂျူဒိုအားကစားအဖွဲ့ အုပ်ချုပ်သူ ဦးမောင်မောင်ထွေးဦးက ပြောသည်။

ယနေ့ထွက်ခွာသည့် ပြေးခုန်ပစ်အားကစားအဖွဲ့တွင် ဦးကျော်ထူးအောင်(အုပ်ချုပ်သူ)ခေါင်းဆောင်ပြီး အုပ်ချုပ်/နည်းပြ၊ အားကစားသမား ၁၀ ဦး၊ ဂျူဒိုအားကစားအဖွဲ့တွင်ဦးထွေးဦး(အုပ်ချုပ်သူ)ခေါင်းဆောင်သော အုပ်ချုပ်/နည်းပြ၊



အားကစားသမား ၁၇ ဦး၊ ကရာတေးအားကစားအဖွဲ့တွင် ဦးကျော်ကျော်မိုး(အုပ်ချုပ်သူ)ခေါင်းဆောင်သော အုပ်ချုပ်/နည်းပြ၊အားကစားသမား ၁၂ ဦး စုစုပေါင်း ၄၂ ဦးပါဝင်သည်။

"အခုအားကစားပြိုင်ပွဲမှာ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားအပါအဝင် ၂၁ ဦး သွားရောက်မှာဖြစ်ပါတယ်။ ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲပြီးကတည်းက အားကစားသမားတွေကို ဆက်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်ထားတယ်။ ပြိုင်ပွဲတွေက တာလတ်၊ မာရသွန်၊ လမ်းလျှောက်စတဲ့ အားကစားနည်းအားလုံးဝင်ရောက်ယှဉ်ပြိုင်မယ်။ ဒီဇင်ဘာလ ၁၀ ရက်ကနေ ၁၆ ရက်အထိပြိုင်ပွဲရှိပါတယ်၊ အမျိုးသား၊ အမျိုးသမီးပွဲ ၂၂ ပွဲယှဉ်ပြိုင်ရမယ်၊ ပြေးခုန်ပစ်အားကစားနည်းက စံချိန်သစ်ရွေးရတဲ့ အားကစားဖြစ်တဲ့အတွက် (၃၂)ကြိမ်မြောက် ကမ္ဘောဒီးယားဆီးဂိမ်းပြိုင်ပွဲက ပထမ၊ ဒုတိယ၊ တတိယဆုရရှိတဲ့ အားကစားသမားတွေနဲ့ အလားအလာရှိတဲ့ အားကစားသမားတွေကို ရွေးချယ်ထားတာကြောင့် ရလဒ်ကောင်းတွေရရှိမယ်လို့ ယုံကြည်ပါတယ်"ဟု ပြေးခုန်ပစ်အားကစားအဖွဲ့ခေါင်းဆောင် ဦးကျော်ထူးအောင်က ပြောသည်။

"ကရာတေး ကစားသမားတွေကို ကျွန်တော်တို့က နိုင်ငံတော်ရဲ့အစီအစဉ်နဲ့ အား/ကာဦးစီးဌာနကနေ တာဝန်ပေးတဲ့ ၁-၆-၂၀၂၄ ရက်ကစပြီး စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်။ အဲဒီကနေ ပေါ်ထွက်လာတဲ့ အလားအလာရှိတဲ့ကစားသမားတွေကို အမျိုးသားအားကစားပွဲတော်မှာ ထပ်မံအားဖြည့်ပြီး စခန်းသွင်းလေ့ကျင့်မှုကို ဆက်လက်ဆောင်ရွက်ခဲ့တယ်။ အဆင့်ဆင့်ဆန်ခါတင်ရွေးချယ်လာပြီး အခုနောက်ဆုံးအားကစားသမား ၉ ဦးက လက်ရွေးစင်ကရာတေးကစားသမားတွေ အဖြစ်နဲ့ သွားရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ အုပ်ချုပ်သူ ၁ ဦး၊ နည်းပြ ၃ ဦး၊ အမျိုးသားအားကစားသမား ၅ ဦး၊ အမျိုးသမီး ၄ ဦး စုစုပေါင်း ၁၃ ဦး သွားရောက်မှာပါ။ ပြိုင်ပွဲက ၁၁ ရက်မှာ စပြီးယှဉ်ပြိုင်ပါမယ်။ ကျွန်တော်တို့က ပွဲစဉ်ရေးဆွဲမှု အခြေအနေနဲ့ ကစားသမားတွေရဲ့ လေ့ကျင့်ထားတဲ့အတွေ့အကြုံနဲ့ယုံကြည်မှု အရ ဆုရရှိနိုင်မယ်လို့ မျှော်မှန်းထားပါတယ်။

ပြိုင်ဘက်ကတော့ အဓိက အခုအိမ်ရှင်နိုင်ငံဖြစ်တယ်။ အရင်တုန်းက မလေးရှား၊ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့က အမြဲတမ်းထိပ်တန်းမှာရှိတယ်။ အခုကျွန်တော်တို့က အဓိက ၄ နိုင်ငံကိုရင်ဆိုင်ရမှာပါ။ ကျန်တဲ့လာအို၊ ကမ္ဘောဒီးယားတို့က လက်ရည်တူ ယှဉ်ပြိုင်နေကြပါတယ်။ ကျွန်တော်တို့လည်း နိုင်ငံတော်က ချမှတ်ထားတဲ့ ပေါ်လစီအတိုင်း နိုင်ငံတကာပြိုင်ပွဲမှာ အောင်နိုင်မှုရရှိရေးဆိုတဲ့မူနဲ့အညီ ကြိုးစားမယ်။ ပြီးတော့ အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့လမ်းညွှန်မှု၊ ဦးဆောင်မှု၊ ပံ့ပိုးကူညီမှုနဲ့ စခန်းသွင်းလေ့ကျင့်မှုတွေ၊ နိုင်ငံတကာပြိုင်ပွဲတွေမှာ အတွေ့အကြုံရအောင် လေ့ကျင့်မှုတွေနဲ့ နိုင်ငံခြားနည်းပြခေါ်ပြီး လေ့ကျင့်ပါတယ်။ ကျွန်တော်တို့ ယခု (၃၃)ကြိမ်မြောက် ဆီးဂိမ်းအတွက် အထူးကြိုးစားခဲ့ပါတယ်။ ကစားသမားတွေကလည်း ယုံကြည်မှုရှိပါတယ်။ အကောင်းဆုံးရလဒ်တွေ ယူဆောင်လာမယ်လို့မျှော်လင့်ပြီး အခု ပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပါတယ်"ဟု ကရာတေးအားကစားအဖွဲ့ အုပ်ချုပ်သူ ဦးကျော်ကျော်မိုးက ပြောသည်။

ထို့အတူ ရွက်လှေအားကစားအဖွဲ့မှ ဦးစည်သူမိုးမြင့်(အုပ်ချုပ်သူ)ခေါင်းဆောင်သော အုပ်ချုပ်/ နည်းပြ၊အားကစားသမား ၁၇ ဦးတို့သည်လည်း ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့မှလေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံ ချွန်ဘူရီမြို့သို့ ထွက်ခွာသွားကြသည်။

အဆိုပါ (၃၃)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများနှင့် မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လိုက်ပါပို့ဆောင်ခဲ့ကြကြောင်း သိရသည်။

**ဇော်မင်းလတ်၊ သီဟ၊ ဝန်းရံခ**


**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**


၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံး ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ဆောင်ရာတွင် အသုံးပြုသည့်အဆောက်အအုံများ ထပ်မံတွေ့ရှိ





တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် ၇ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားပြုလုပ်ရာတွင်အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**


မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့်ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင် ၄ ထပ် အဆောက်အအုံ ၁ လုံး၊ ၃ ထပ်အဆောက်အအုံ ၁ လုံးနှင့် ၂ ထပ်အဆောက်အအုံ ၈ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၁၀ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၅၁ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နှင့်ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများအား ထပ်မံအသုံးပြုမှုမရှိစေရေးအတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါနယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်းချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် နိုင်ငံပေါင်း ၆ နိုင်ငံမှ တရားမဝင် ပြည်ပနိုင်ငံသား ၁၂၃ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင် ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ကရင်ပြည်နယ်၊ မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင် **စာမျက်နှာ ၂၉ သို့ ⇨**


ကရင်ပြည်နယ်၊ မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားလုပ်ကိုင်နေသည့် ပြည်ပနိုင်ငံသားများအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းနေမှုကို တွေ့ရစဉ်။


တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။








KK Park နယ်မြေအတွင်း တရားမဝင်ပစ္စည်းများ မီးရှို့ဖျက်ဆီးနေမှုကိုတွေ့ရစဉ်။

⇨ စာမျက်နှာ ၂၈ မှအဆက်

ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့်ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာလ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့အထိ ရှာဖွေစစ်ဆေးခဲ့သည့် အဆောက်အအုံ ၁၂၁ လုံးအနက် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၁၀ လုံးကို စစ်ဆေးတွေ့ရှိခဲ့ပြီး အဆိုပါအဆောက်အအုံများအတွင်းမှ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၇၀၈ လုံးကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြင်ဦးလွင်မြို့နယ်တွင် ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့သို့သယ်ဆောင်မည့် ငွေကျပ် ၁၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွဆေးပြား ၈၅ သိန်းကျော် ဖမ်းဆီးရမိ




တရားခံ အောင်သူဖြိုး၊ ပြည့်ဖြိုးဟိန်း(ခ)ဖက်တီး၊ ဝေလင်းထွန်းနှင့်ကျော်မိုးထွန်းတို့အား ဖမ်းဆီးရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက် ၈ နာရီအချိန် ပြင်ဦးလွင်မြို့နယ်၊ ထုံးဘိုကျေးရွာအနီး၌ ဝေလင်းထွန်းမောင်းနှင်ပြီး အောင်သူဖြိုးနှင့်ပြည့်ဖြိုးဟိန်း(ခ)ဖက်တီးတို့ လိုက်ပါလာသော ALPHARD မော်တော်ယာဉ်အား သတင်းအရ ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွဆေးပြား ၂၃ ဒသမ ၉ သိန်းအား ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ နံနက် ၉ နာရီခွဲအချိန် ပြင်ဦးလွင်မြို့နယ်၊ ခြေမြစ်ပင်ကျေးရွာအနီး ချုံအတွင်းမှ ဆာလာအိတ်များဖြင့် ထည့်ထားသည့်စိတ်ကြွဆေးပြား ၆၂ သိန်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းစိတ်ကြွဆေးပြား ၈၅ ဒသမ ၉ သိန်း (ၚင်းဒေသတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၈၅ ဘီလီယံ)အား ဖမ်းဆီးရမိခဲ့ကြောင်း။

ကွင်းဆက်ဖော်ထုတ်ချက်အရ စိတ်ကြွဆေးပြားများသယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ ကျော်မိုးထွန်းအား ဒီဇင်ဘာလ ၁ ရက်နေ့ ည ၁၀ နာရီအချိန်တွင် ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့၊ ရတနာပုံရပ်ကွက်ရှိနေအိမ်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်အတူ ပူးပေါင်းပါဝင်သူများမှာ ပန်းတောင်းမြို့နယ်၊ ဥဿျှစ်ပင်မြို့နေ ကျော်ကျော်(ဖမ်းဆီးရန်ကျန်)၊ ဟိန်းစည်သူ (ဖမ်းဆီးရန်ကျန်)နှင့် ရွှေတောင်မြို့နေ ကျော်မောင်မောင်လှိုင်(ခ)ကိုချို (ဖမ်းဆီးရန်ကျန်)တို့ဖြစ်ပြီး ရှမ်းပြည်နယ်မှ ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

(၁၀၀)

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ


**နေပြည်တော် ဒီဇင်ဘာ ၉**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "ပတ္တမြားခင်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်နေ မြင့်မြင့်စန်းအား ညနေ ၅ နာရီ ၅ မိနစ်တွင် ချမ်းအေးသာစံမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မော်ဘီ | (၀.၂၈)လက်မ |
| မော်ဘီ (စိုက်ပျိုးရေးမိုးလေဝသ) | (၀.၁၆)လက်မ |
| ခရမ်း | (၀.၀၄)လက်မ |
| ကွမ်းခြံကုန်း | (၀.၀၄)လက်မ |

| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၂°C |
| ပူတာအို | ၅°C |
| ဟဲဟိုး | ၅.၃°C |
| တီးတိန် | ၅.၅°C |
| လွိုင်လင် | ၇.၈°C |
| ပင်လောင်း | ၈°C |
| မိုင်းယန်း | ၈°C |
| မချမ်းဘော့ | ၈.၂°C |
| မင်းကင်း | ၈.၅°C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၈.၅°C |
| ပြင်ဦးလွင် | ၉°C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၉ | ၂၅ |
| ရှမ်း(မြောက်) | ၁၀ | ၂၈ |
| ရှမ်း(အရှေ့) | ၁၂ | ၂၇ |
| ရှမ်း(တောင်) | ၉ | ၂၆ |
| ချင်း | ၅ | ၂၀ |
| စစ်ကိုင်း(အထက်) | ၁၁ | ၂၇ |
| စစ်ကိုင်း(အောက်) | ၁၃ | ၃၀ |
| နေပြည်တော် | ၁၆ | ၂၉ |
| မန္တလေး | ၁၆ | ၃၀ |
| မကွေး | ၁၄ | ၂၉ |
| ရခိုင် | ၁၇ | ၃၁ |
| ပဲခူး | ၁၆ | ၃၁ |
| ရန်ကုန် | ၂၂ | ၃၃ |
| ဧရာဝတီ | ၁၉ | ၃၁ |
| ကယား | ၁၂ | ၂၇ |
| ကရင် | ၁၈ | ၃၃ |
| မွန် | ၁၉ | ၃၂ |
| တနင်္သာရီ | ၁၉ | ၃၃ |

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၉

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည်တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၁ ရက်မှ ၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးသစ်တောဦးစီးဌာနများမှပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၁၁ ဒသမ ၄၆၀၂) တန်၊ သစ်မာ (၁၃ ဒသမ ၅၀၁၂) တန်၊ အခြား (၉၀ ဒသမ ၈၀၄၃) တန်၊ စုစုပေါင်း (၁၁၅ ဒသမ ၇၆၅၇)တန်၊ ယာဉ်/ယန္တရား (၇)စီး၊ တရားခံ (၁၀)ဦး** ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။



မြဝတီ

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၁/ ၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုအထွေထွေပိုလျှံ(GRF)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သည့် ဘိလပ်မြေအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ကလေးခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် အောက်ပါအစီအစဉ်အတိုင်း ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | - | ၈-၁၂-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - | ၂၂-၁၂-၂၀၂၅ ရက် ၁၆:၀၀ နာရီ |
| (ဂ) | တင်ဒါအာမခံကြေး(PO) တင်သွင်းရမည့်ရက်/အချိန် | - | ၂၂-၁၂-၂၀၂၅ ရက် ၁၆:၀၀ နာရီထိ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်နေရာ | - | ကလေးခရိုင် လ/ထ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး |
| (င) | အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကလေးခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း ၀၉-၉၆၇၄၆၃၃၄၄ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း
## တင်ဒါအမှတ်စဉ်(၂/ ၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ခု၊ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု(အထွေထွေပိုလျှံ)(GRF)ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းတည်ဆောက်ရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သည့် (50 mm x 100 mm)ခွဲကျောက်နှင့် ကျောက်ရောမြေအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ စိတ်ပါဝင်စားသောလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများကို ကန့်ဘလူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံးတွင် ဝယ်ယူတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| (က) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်/အချိန် | - | ၈-၁၂-၂၀၂၅ ရက် (ရုံးချိန်အတွင်း) |
| (ခ) | အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် | - | ၂၂-၁၂-၂၀၂၅ ရက် ၁၆:၀၀ နာရီ |
| (ဂ) | တင်ဒါအာမခံကြေး(PO) တင်သွင်းရမည့်ရက်/အချိန် | - | ၂၂-၁၂-၂၀၂၅ ရက် ၁၆:၀၀ နာရီထိ |
| (ဃ) | အိတ်ဖွင့်တင်ဒါစိစစ် ရွေးချယ်မည့်နေရာ | - | ကန့်ဘလူခရိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး |
| (င) | အိတ်ဖွင့်တင်ဒါဖွင့်မည့်ရက်/အချိန် | - | ထပ်မံကြေညာပါမည်။ |

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကန့်ဘလူခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ ဖုန်း ၀၉-၄၅၁၉၈၂၄၄၄ သို့ ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### Notice Under Section 211 (a)of Insolvency Law, 2020
### "T.V.L GLOBAL LOGISTICS(MYANMAR)COMPANY LIMITED."
### (Members Voluntary Winding-Up)
### Invitation to Final Meeting

A final meeting of "T.V.L Global LOGISTICS (MYANMAR)COMPANY LIMITED." will be help on 10:30 Am(31.December. 2025)No.389, Lower Kyee Myin Daing Road, Ahlone Township, Yangon Region, Myanmar–

- Liquidator's report and return will be presented at the meeting.
- All members are invited to attend.

U Zin Wai(B.com(AA),C.P.A(210)
(MAIP Membership No.00143)
Phone No. 09-252612600

### ဖခင်အမည်မှန်
ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နယ် သာခုချောင်ကျေးရွာအုပ်စု အ.ထ.က ကုံညှင်းတန်း Grade-10 မှ နော်ရှိမေဖေါ်ဘီ၏ဖခင် အမည်မှန်မှာ ဦးစဲလ်ဘီး ၁၄/ဇလန(နိုင်) ၁၅၉၉၄၀ ဖြစ်ပါကြောင်း။ **ဦးစဲလ်ဘီး**

### ပျောက်ဆုံးကြောင်း
အမ်ဆိုင်း(ခ)အားဆန်(ဘ)ဦးဘဲပေ ၁၃/လရန(နိုင်)၁၂၁၆၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၂၇၃၃၉၉၉

### အမည်မှန်
ကျိုင်းတုံမြို့၊ အ.မ.က-ဝမ်ပင်းတွင် တာဝန်ထမ်းဆောင်နေသော အဘ ဦးကျာလော၏ သမီးအမည်မှန်မှာ မလှဝင်းဖြစ်ပါကြောင်း။
**မလှဝင်း**

### ပျောက်ဆုံးကြောင်း
မန်းငိုက်ဟွဲ့(ဘ)နန်ခန့်ပေါင် ၄/တတန(နိုင်) ၀၈၂၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နွယ်နွယ်ဝင်း(ဘ)ဦးငြိမ်းအောင် ၅/ကလထ(နိုင်)၃၃၉၁၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ဦးထွန်းနိုင်(ဘ)ဦးထွေးနိုင် ၁၀/မလမ(နိုင်) ၁၅၆၄၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
မရန်ဆိုက်ရှင်း(ဘ)ဦးရန်ချောင်ချွန် ၁၃/ကခန(နိုင်)၀၅၇၉၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 295744)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၁၀၄၇၃၆

### ပျောက်ဆုံးကြောင်း
လားရင့်မွန်(ဘ)ဦးနိုးလှယ်နီနီ ၅/ကလထ(နိုင်)၃၀၇၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 284128)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
စန်းသော်တာမောင်(ဘ)ဦးဝင်းသောင်း ၁၂/ဥကမ(နိုင်)၂၃၈၀၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင်တက်ရောက်မည့် အခြေခံပညာဦးစီးဌာနအောက်ရှိအခြေခံပညာကျောင်းများမှ မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ(အဖြူ/အစိမ်း)များချုပ်လုပ်ခြင်း/ဝယ်ယူခြင်းအတွက် သတ်မှတ်ချက်များနှင့်ညီညွတ်သော မြန်မာနိုင်ငံသားလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါ(Open Tender)တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | |
|---|---|
| တင်ဒါစတင် ရောင်းချမည့်ရက် | (၁၀-၁၂-၂၀၂၅)ရက်မှ(၂၄-၁၂-၂၀၂၅)ရက်ထိ (ရုံးချိန်အတွင်း) |
| တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် | (၂၄-၁၂-၂၀၂၅)ရက်နေ့၊ ညနေ(၄:၃၀)နာရီ |
| တင်ဒါတင်သွင်းရမည့်နေရာ | ဘဏ္ဍာဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ်(၁၃)၊ နေပြည်တော် |

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၉၄)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၅ ခုနှစ်၊ ဧပြီလ(၁)ရက်နေ့မှ ၂၀၂၆ ခုနှစ် မတ်လ(၃၁)ရက်နေ့အထိ ဘဏ္ဍာရေးနှစ်အတွင်း ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ ကျောင်းပိုင်မြေအကျယ်အဝန်းစံသတ်မှတ်ချက်နှင့်ပြည့်မီသော အခြေခံပညာကျောင်းများတွင် သိပ္ပံဆောင်များ၊ စာကြည့်တိုက်များ၊ စာသင်ဆောင်များတည်ဆောက်ခြင်း၊ အုတ်တံတိုင်းကာရံခြင်းများဆောင်ရွက်ခြင်း၊ အဆိုပါတည်ဆောက်ရေးလုပ်ငန်းများအား Third Party QC Team ဆောင်ရွက်ခြင်း၊ စာကြည့်တိုက်သုံးပရိဘောဂများ၊ သင်ကြားရေးစတိတ်ခုံများနှင့် White Book များ ဝယ်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ(Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် | - | ၁၀-၁၂-၂၀၂၅(၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်၊ အချိန် | - | ၂၄-၁၂-၂၀၂၅(၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များသိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ်(၀၆၇-၃၄၀၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

### ပျောက်ဆုံးကြောင်း
အိဏ္ဍ့တွယ်တာဦး(ဘ)ဦးဝင်းဇော်ဦး ၁၂/ဥကမ(နိုင်)၂၃၇၆၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 573181)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
လှမြတ်ကျော်(ဘ)ဦးခင်ဇော် ၁၄/မမက(နိုင်)၃၁၂၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 283471)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပန်းမွှူ(ဘ)ဦးမောင်မောင် ၁၀/သထန(နိုင်)၂၁၈၅၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၀၃၉၉၈၆၁

### ပျောက်ဆုံးကြောင်း
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ရှင်ပင်ဘုန်းပွင့်လမ်းနေ မောင်အောင်ကျော်ငွေး(ဘ)ဦးကျော်မြ ၁၄/ပသန(နိုင်)၀၀၀၇၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၀၄၆၁၅၁

### မတည်ရင်းနှီးငွေလျှော့ချခြင်း
အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ KO PHYOE KO COMPANY LIMITED အစုရှယ်ယာရှင်များ၏ (၈-၁၂-၂၀၂၅)ရက်နေ့တွင်ပြုလုပ်ခဲ့သည့် အစုရှယ်ယာရှင်များ အစည်းအဝေး ဆွေးနွေးဆုံးဖြတ်ချက်အရ ကုမ္ပဏီ၏ မတည်ငွေအား ကျပ်သိန်း(၅၀၀)တိတိမှ ကျပ်သိန်း(၁၀၀)တိတိသို့ ပြင်ဆင်လျှော့ချလိုက်ကြောင်း ကြော်ငြာအပ်ပါသည်။
KO PHYOE KO COMPANY LIMITED
09-2045070

### ပျောက်ဆုံးကြောင်း
မောင်လှဝင်း(ဘ)ဦးရန်ပါရီ ၁၃/လရန(နိုင်)၂၀၅၈၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 588758)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၅၃၄၇၀၉

### ပျောက်ဆုံးကြောင်း
မျိုးမင်း(ဘ)ဦးအောင်မြင့် ၁၂/ကမတ(နိုင်)၀၆၉၈၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
သီတာအေး(ဘ)ဦးစိုးမြင့် ၉/မထလ(နိုင်)၄၀၆၆၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးမောင်(ဘ)ဦးခင်မောင်အေး ၇/သဝတ(နိုင်)၁၁၅၂၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၂၄၇၉၂၈၂

### ပျောက်ဆုံးကြောင်း
လားရှိုးမြို့၊ နယ်မြေ(၃)၊ ရပ်ကွက်(၁၂)နေ မောင်ရှောက်ဆန်(ဘ)ဦးလောမန်း ၁၃/လရန(နိုင်)၁၈၃၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 386968)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၃၇၀၁၅၂၁

### ပျောက်ဆုံးကြောင်း
ထန်ဆွင်းဒေါင့်(ဘ)ဦးတွာလ်ခန့်ပေါင် ၄/တတန(နိုင်)၀၃၇၂၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 786572)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အ ကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၆၃၉၀၈၃၉

### ပျောက်ဆုံးကြောင်း
ယဉ်ယဉ်ခန့်(ဘ)ဦးဆန်းအေး ၃/လဘန(နိုင်)၁၁၂၄၄၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 736874)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ခွန်ရန်နောင်ထွေး(ဘ)ဦးဇော်ဟိန်း ၁၃/ဟပန(နိုင်)၀၇၅၄၆၃ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 455398)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၀၃၂၆၅၄၁

### ပျောက်ဆုံးကြောင်း
မင်းနောင်နောင်(ဘ)ဦးမင်းခိုင်သန်း ၁၂/ဒဂမ(နိုင်)၀၁၅၇၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
ကျောက်တံခါးမြို့နေ သန်းတိုးအောင်(ဘ)ဦးလေးဝင် ၇/ကတခ(နိုင်)၂၀၁၀၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MF 977905)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ကော့ကရိတ်မြို့၊ တံတားဦးရပ်ကွက်၊ စံပယ်ဖြူလမ်းနေ မြင့်သန်းငွေး(ဘ)ဦးစိန်ဝင်း ၃/ကကရ(နိုင်)၁၆၅၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၇၃၆၀၁၃၁

### ပျောက်ဆုံးကြောင်း
ညောင်လေးပင်မြို့နေ ကျော်မြအောင်(ဘ)ဦးအောင်ဖြိုး ၇/ညလပ(နိုင်)၂၃၇၇၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
ဒိုက်ဦးမြို့နေ သက်ဝေထက်(ဘ)ဦးအောင်ဆန်းဦး ၇/ဒဥန(နိုင်)၂၄၂၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း
TE KHWE MA(ခ)TE CHOON GYOKE (ခ)အေးအေးတင့်(ဘ)ဦးတီစွမ်တိတ် ၁၂/ကတတ(ဧည့်)၀၀၀၄၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 240079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

### ပျောက်ဆုံးကြောင်း
ဟသ်ာတမြို့၊ ကြက်တူရွေးလေးရွာနေ မနိုင်နိုင်အေး(ဘ)ဦးမြင့်သိန်း ၁၄/ဟသတ(နိုင်)၃၈၃၁၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၀၃၅၇၄၁၇


မန္တလာသယ်ယူပို့ဆောင်ရေးကုမ္ပဏီလီမိတက်
ရန်ကုန်-နေပြည်တော်-တောင်ကြီး-မုံရွာ-မန္တလေး-ပြင်ဦးလွင်-ကျောက်ပန်းတောင်း-ချောက်-ဆိပ်ဖြူ-ပုဂံ(ညောင်ဦး)-ပခုက္ကူ
မကွေး-မိတ္ထီလာ-မြင်းခြံ-ပုသိမ်-မော်လမြိုင်-သံဖြူဇရပ်-ကျိုက္ကမီ-တောင်ငူ-ဆွာ-ရေနီ-ပဲခူး-ညောင်လေးပင်-ဘားအံ-မြဝတီ
➢ပါရမီ(YBS)
09-459448201
➢ရွှေမန်းသူ
09-254781060
➢ မန္တလေးအခြေစိုက်
09-426500153
➢တော်ဝင်
09-423333250
➢ ပါရမီတက္ကစီ
01-3643641
➢ကုန်စည်
09-440619258
ဘေးကင်း လုံခြုံစိတ်ချ တာဝန်ယူမှုပြည့်ဝသော ခရီးသွားဝန်ဆောင်မှု မြို့တွင်း/မြို့ပြင် ဘုရားဖူးခရီးစဉ်များ ငှားရမ်းပေးလျက်ရှိပါသည်။


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Internet & Mobile Banking Services
Account Transfer
"မှန်ဆည် မြန်ဆည် မြဝတီ"
Mobile Topup ( Phone Bill )
Cardless ATM Withdrawl
Remittance
Credit Card Payment
Tax Payment
MPU UnionPay
Phone No : (01) 2301367, 2301368,
(01) 2301452, 2301378
24
(01) 2301421,
(01) 2317166


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
LIFE
SODA
LEMON
TRISTAR
SUGARMEC
STARMART nine mile Showroom
NAN MYAING
Lemon Tea


Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
Buy
BILL
PAY
Myanmar
MOBILE
MONEY

❖ ဆန္ဒမဲပေးရာတွင်လည်း မိမိတို့ရွေးချယ်မည့် ရွေးကောက်ခံကိုယ်စားလှယ်များသည် နိုင်ငံ၏ အကျိုးကို အမှန်တကယ်ဆောင်ရွက်နိုင်သူ၊ ဒီမိုကရေစီစနစ်ကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို အမှန်တကယ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်သူဖြစ်ရန်နှင့် နိုင်ငံကောင်းအောင်ဆောင်ရွက်နိုင်မည့်သူများဖြစ်ရန်လို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့တွင်ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒေသတွင်းစည်းလုံးခြင်းအလင်းရောင်ကို ထွန်းညှိပေးမယ့် အရှေ့တောင်အာရှ အားကစားပွဲတော်




ဒီနေ့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်သည် အရှေ့တောင်အာရှဒေသတစ်ခုလုံးအတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုစိုက်ထူလိုက်သည့်နေ့ရက်ဖြစ်သည်ဟုဆိုရမည်ဖြစ်သည်။ အကြောင်းရင်းမှာ (၃၃) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပွဲတော် (SEA Games) ၏ခမ်းနားထည်ဝါသောဖွင့်ပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ အောင်မြင်စွာကျင်းပနိုင်ခဲ့ခြင်းကြောင့်ပင်ဖြစ်သည်။ ဖွင့်ပွဲအခမ်းအနားကို ရာဇမင်္ဂလာအမျိုးသားအားကစားကွင်း၌ကျင်းပခြင်းဖြစ်ပြီး လင်းလက်နေသောမီးရောင်များအောက်တွင် အာဆီယံ ၁၁ နိုင်ငံမှ အားကစားသမားများနှင့် ပရိသတ်ပေါင်းထောင်သောင်းချီ၍စုဝေးကာ အားကစားစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ခြင်း၏ စွမ်းအားအစစ်အမှန်ကိုပြသလိုက်ပေသည်။

ထိုင်းနိုင်ငံသည် ၁၈ နှစ်အကြာမှ SEA Games ကို အိမ်ရှင်အဖြစ် ပြန်လည်လက်ခံကျင်းပခွင့်ရရှိခြင်းဖြစ်သည်။ ၂၀၀၇ ခုနှစ်တွင်ကျင်းပခဲ့သည့် အားကစားပွဲတော်နောက်ပိုင်း ပထမဆုံးအကြိမ်ဖြစ်သောကြောင့် နိုင်ငံတစ်ဝန်းလုံးက ယခုအားကစားပွဲတော်အပေါ် မျှော်လင့်ချက်ကြီးမားလျက်ရှိသည်။ စာမျက်နှာ ၂၂ ကော်လံ ၁ →

## (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာခြင်းလုံးပြိုင်ပွဲနှင့် ကွင်းသွင်းခြင်းခတ်ပြိုင်ပွဲတို့တွင် မြန်မာအမျိုးသားအသင်းနှင့်အမျိုးသမီးအသင်းတို့ ဗိုလ်လုပွဲတက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၉

(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရိုးရာခြင်းလုံး၊ ပိုက်ကျော်ခြင်းနှင့် ခရစ်ကတ် (အမျိုးသား/အမျိုးသမီး) အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ သက်ဆိုင်ရာအားကစားကွင်း/ရုံများ၌ ကျင်းပသည်။




ယနေ့နံနက်ပိုင်းတွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ Nakhonpathom Sport Center ၌ကျင်းပလျက်ရှိသည့် ရိုးရာခြင်းလုံး အမျိုးသမီးပြိုင်ပွဲ အသင်းလိုက်အုပ်စုပတ်လည်ပွဲစဉ် Linking (Event 3) ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးအသင်းမှ အားကစားသမား မအေးအေးသန့်၊ မသဲသဲ၊ မစုတွယ်တာ၊ မမှုံနံ့သာ၊ မမေဦးခင်၊ မယဉ်မင်းသွယ်၊ မနှင်းအိမ်စည်၊ စာမျက်နှာ ၂၂ ကော်လံ ၁ ⇨

**တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ မြင်းကကုန်းကျေးရွာသို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်**

စာ - ၁၅ သို့

